# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 21 December 2023 ၁၁၃၁၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းပြည်တစ်ခုတိုးတက်ဖွံ့ဖြိုးခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါ်ကြွယ်ဝခြင်းပင်ဖြစ်

## လူငယ်များအနေဖြင့် အစဉ်လေ့လာသင်ယူမှုများနှင့် အတတ်ပညာ၊ အသိပညာပြည့်စုံပြီး နိုင်ငံ၏အနာဂတ်အတွက် အားကိုးအားထားပြုနိုင်မည့်သူများဖြစ်အောင် ကြိုးစား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B) ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာပေအနုပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာရေး စာမျက်နှာ ၃ သို့ ☆



ကြေးမုံ

# ကလေးသူငယ်စစ်မှုထမ်းခြင်းကိုတားဆီး

မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်နှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာသောနိုင်ငံဖြစ်သည်။ အထူးသဖြင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ တပ်မတော်တွင် စည်းကမ်းဥပဒေများကို တိကျစွာပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာပြီး ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ရည်ရွယ်၍ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များရှေ့နှင့် လူစည်ကားသည့်နေရာများတွင် မြေစိုက်နံရံဘုတ်များဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးခြင်းဆိုင်ရာ အသိပညာပေးထားသည်ကို တွေ့မြင်နိုင်သည်။

အသိပညာပေးစာစောင်တွင် အသက် (၁၈) နှစ် မပြည့်သေးသော ကလေးသူငယ်များအား စစ်ထွက်တိုက်ခိုင်းမလား၊ ကျောင်းတက်ခိုင်းမလား ဘာကိုရွေးချယ်ပေးမှာလဲ စာသားအပါအဝင် ဓာတ်ပုံများ၊ အသက် (၁၈) နှစ် မပြည့်သော ကလေးသူငယ်များကို တပ်မတော်မှ လက်မခံပါ ဓာတ်ပုံမှတ်တမ်းများ၊ ကမ္ဘာပေါ်မှ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမျှ ကလေးစစ်သားအသုံးမပြုရ၊ ကလေးစစ်သား အသုံးပြုခြင်းကိုတားမြစ်သည့် နိုင်ငံတကာသဘောတူညီချက်များနှင့် အသက် (၁၈) နှစ်အောက် ကလေးသူငယ်များကို စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုပြီး ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးရေးအကြံပြုချက်များကို အသိပေးထားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော် (ကြည်း)အား ကလေးသူငယ် စစ်သားစုဆောင်းခြင်းနှင့်ပတ်သက်၍ ပထမဦးစားပေးစာရင်း၌ ပါဝင်လာခဲ့သဖြင့် အဆိုပါစာရင်းမှ ပယ်ဖျက်ပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ မြန်မာနိုင်ငံ စစ်သားစုဆောင်းခြင်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါစီမံချက်အရ CTFMR အဖွဲ့နှင့်ပူးပေါင်းပြီး ၂၀၁၂ ခုနှစ်မှ ယနေ့အချိန်အထိ မှားယွင်းစုဆောင်းမိခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ အရွယ်မရောက်သေးသူ ကလေးသူငယ်များနှင့် ဆန္ဒမပါသူများကို မှားယွင်းစုဆောင်းမိခဲ့သော တာဝန်ရှိသည့် အရာရှိနှင့် စစ်သည်များကိုလည်း အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ကာယကံရှင်၏ ဆန္ဒအရလည်းကောင်း၊ တာဝန်ရှိသူများ၏ မှားယွင်းဆောင်ရွက်မှုများကြောင့်လည်းကောင်း အရွယ်မရောက်သေးသည့် စစ်သည်များရှိခဲ့သဖြင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ကော်မတီအစည်းအဝေး ခြောက်လတစ်ကြိမ်ပုံမှန်ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ ကော်မတီသည် အဓိကတာဝန်အဖြစ် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေးနှင့် တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ်လူငယ်များကို လက်ခံမှုမရှိစေရေးအပြင် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးရေး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော လူငယ်များအား အရိုးဓာတ်မှန်ရိုက်၍ စိစစ်ခဲ့ရာ အသက်မပြည့်သည့် သံသယရှိသူ လူငယ်များအား လက်ခံခြင်းမပြုဘဲ သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် CTFMR က ပေးပို့လာသည့် သံသယဖြစ်ဖွယ် စစ်သည်များကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း စုဆောင်းလျက်ရှိသည်။ တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်လိုသူများအနေဖြင့် အသက်မပြည့်သည့်ကိစ္စနှင့်ပတ်သက်ပြီး အမှားအယွင်းမဖြစ်စေရန် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်အတွင်း အသက် (၁၈) နှစ်မပြည့်သည့် စစ်သည်များ မရှိစေရေးအတွက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂ CTFMR တို့သဘောတူထားသည့်အတိုင်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) ဦးအောင်မျိုးဦး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံလွင်ရောင်းဝယ်ရေးသမဝါယမလီမိတက်မှ ဆန်၊ ဆီ၊ ဆားနှင့် လူသုံးကုန်ပစ္စည်းများ အရောင်းဆိုင်သစ်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၀

ကမာရွတ်မြို့နယ် အမှတ်(၁၀) ရပ်ကွက်၌ သံလွင်ရောင်းဝယ်ရေး သမဝါယမလီမိတက်မှ ဆန်၊ ဆီ၊ ဆားနှင့် လူသုံးကုန်ပစ္စည်းများ အရောင်းဆိုင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**တက်ရောက်**

ဆိုင်သစ်ဖွင့်ပွဲသို့ ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝေဖြိုးအောင်နှင့် မြို့နယ်သမဝါယမအသင်းမှ အမှုဆောင်များ၊ ရပ်ကွက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ဖွင့်ပွဲတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က သမဝါယမကုန်သွယ်မှုကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ သမကုန်စုံဆိုင်များ ဖွင့်လှစ်နိုင်ခြင်းသည် ရပ်ကွက်ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်မည်ဖြစ်၍ ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

**တင်ဝင်းတင်**

## ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများက ယနေ့တွင် အညာစုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁ ဒသမ ၈၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် လေးပေ၊ ဒု ခြောက်လက်မခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် မရွှေဥကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁ ဒသမ ၆၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည်ပေ ၈၀၀၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၀ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၁၄၆ | ၁,၂၇၂,၁၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၃,၁၁၅ | ၉,၄၄၉,၂၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁၇ | ၂၈,၀၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၁,၃၂၁ | ၂,၅၈၇,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၁၁ | ၅၁,၉၀၀ |
| MAEX | ၁,၇၀၀ | ၁,၆၅၀ | ၆ | ၁၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



**❖ ယခုအချိန်တွင် ကိုလိုနီဘဝနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်မှု၏ အကျိုးဆက်သည် တိုင်းရင်းသားများကြားတွင် ယနေ့အချိန်ထိ ကျန်ရှိနေဆဲဖြစ်သည်ကို မိမိတို့အားလုံး သတိပြုရမည်**

**❖ နိုင်ငံတော်ပြိုကွဲပျက်စီးမှု မဖြစ်စေရေး ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ပေးကြရန်နှင့် ခေတ်သစ်ကိုလိုနီဝါဒ၏ လုပ်နည်းလုပ်ဟန်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အသိတရား၊ သတိတရား လက်ကိုင်ထားပေးကြရန်အတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာပေးကြရန် လိုအပ်မည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားမောင်မယ်များ၏ အားကစားနည်းအလိုက် စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးစဉ်။



☆ **ရွှေဖုံးမှ**

ကျောင်းများမှ သာမဏေများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူငယ်နှင့် စာပေအနုပညာတေးသီချင်းဖြင့် စုပေါင်း ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် မိမိတို့နိုင်ငံ၏ အထွတ်အမြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ လွတ်လပ်ရေးရရှိအောင် ကြံစည်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် မိမိတို့၏ ဘိုးဘွားမိဘများကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့် အထိမ်းအမှတ်အခမ်းအနားကြီးဖြစ်သဖြင့် အင်မတန် ကျက်သရေမင်္ဂလာရှိသည့် အခမ်းအနားကြီးတစ်ခုဖြစ်သည်ကို ဂုဏ်ယူပြောကြားလိုပါကြောင်း။

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို ဆန်းစစ်လိုက်ပါက နယ်ချဲ့တို့၏ဆိုးညစ်ယုတ်မာသည့် အကြံအစည်များ၊ ခြေလှမ်းများကို သတိထား သိမြင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့အင်အား မတောင့်တင်းပါက၊ တစ်နည်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မခိုင်မာပါက အချုပ်အခြာအာဏာဆိုသည်မှာ အချိန်တိုတိုအတွင်း၌ပင် လက်လွတ်ဆုံးရှုံးရနိုင်သည်ဆိုသော ကြီးမားသည့် သင်ခန်းစာများကို မိမိတို့အားလုံးရရှိခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာ့သမိုင်းစဉ် တစ်လျှောက်ကို ပြန်ကြည့်မည်ဆိုပါက ပြည်ထောင်စုတိုင်းရင်းသား လူမျိုးအားလုံးသည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ အေးတူပူအမျှအတူတကွစည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါကြောင်း၊ ၁၉ ရာစုအတွင်း၌ နယ်ချဲ့ကိုလိုနီ နိုင်ငံကြီးများ၏ လောဘဇောတိုက်ပြီး အပြိုင်အဆိုင် ကျူးကျော်ရန်ပြုခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံငယ်များသည် နယ်ချဲ့တို့၏ ကျွန်ပြုခံခဲ့ရသည်ကို အားလုံး အသိပင်ဖြစ်ပါကြောင်း။

မိမိတို့၏ဘိုးဘွားမိဘများသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာမှုများ၊ သွေးခွဲသပ်လျှိုအုပ်ချုပ်မှုများကြားက တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး ပြန်လည် လွတ်မြောက်အောင် အသက်သွေးချွေးများ ပေးဆပ်ရယူပေးခဲ့သည်မှာ (၇၆)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုအချိန်တွင် ကိုလိုနီဘဝနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်မှု၏ အကျိုးဆက်သည် တိုင်းရင်းသားများ ကြားတွင် ယနေ့အချိန်ထိ ကျန်ရှိနေဆဲဖြစ်သည်ကို မိမိတို့အားလုံး သတိပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပြိုကွဲပျက်စီးမှု မဖြစ်စေရေး ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ပေးကြရန်နှင့် ခေတ်သစ်ကိုလိုနီဝါဒ၏ လုပ်နည်းလုပ်ဟန်များကိုမျက်ခြည်မပြတ်စောင့်ကြည့်ပြီး အသိတရား၊ သတိတရား လက်ကိုင်ထားပေးကြရန်အတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင် ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရဖြစ်စေ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၄ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

စစ်အေးခေတ် နှောင်းပိုင်းကာလများတွင် အင်အားကြီးသည့် နိုင်ငံကြီးများသည် အင်အားနည်းသည့် နိုင်ငံငယ်များအပေါ် ထိန်းချုပ် ခြယ်လှယ်နိုင်စေရန် သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ကဏ္ဍများကို မဟာဗျူဟာကျသည့် နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

**လိုသလိုပုံဖော် ဖိအားပေး**

အထူးသဖြင့် အင်အားကြီးနိုင်ငံတချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ၎င်းတို့၏ ဩဇာခံပုဆိန်ရိုးများ၊ ကြိုးဆွဲခံရုပ်သေးရုပ်များနှင့် ထိုးဖောက်ဝင်ရောက်ပြီး လူမျိုးရေး၊ ဘာသာရေးမှိုင်းတိုက်ကာ မီးမွှေးဆောင်ရွက်နေမှုများ၊ မတည်မငြိမ် ကမောက်ကမဖြစ်အောင် လုပ်ကြံဖန်တီးမှုမျိုးစုံနှင့် သွေးထိုးမြှောက်ပင့်ပေးနေကြပါကြောင်း၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဆိုသည့် စကားလုံးများကို ရောင်းကုန်ပစ္စည်းကဲ့သို့ သဘောထားပြီး လိုသလိုပုံဖော် ဖိအားပေးအကျပ်ကိုင်မှုများနှင့် နည်းလမ်းပေါင်းစုံ၊ အကြံအစည်ပေါင်းစုံ အသုံးပြုပြီး ၎င်းတို့၏ ဩဇာလောင်းရိပ်အောက် သွတ်သွင်းရန် ကြိုးစားနေကြပါကြောင်း။

ယခုကဲ့သို့အခြေအနေတွင် မိမိတို့ကဲ့သို့ နိုင်ငံငယ်များအနေဖြင့် မိမိတို့၏ နိုင်ငံတော်ကို စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ်နိုင်စွမ်းမရှိပါက ဖရိုဖရဲပြိုကွဲသွားနိုင်သကဲ့သို့ ၎င်းတို့အလိုကျ လိုသလိုပုံသွင်း လွှမ်းမိုးချုပ်ကိုင်မှုများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ၎င်းတို့ လက်အောက်ခံ၊ ဩဇာခံဖြစ်သွားနိုင်သည်ကိုလည်း အလေးအနက်သတိပြုကြရန် သတိပေးမှာကြားလိုပါကြောင်း။

**လွန်စွာအန္တရာယ်ကြီးမား**

ထို့ပြင် ယနေ့အချိန်တွင် အချင်းချင်း စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို လျစ်လျူရှုပြီး သံသယများ၊ ကိုယ်ကျိုးအတ္တများ၊ လွဲမှားသည့် အယူအဆများ လုပ်ဆောင်နေကြမည်ဆိုပါက နိုင်ငံအတွက် လွန်စွာအန္တရာယ် ကြီးမားပါကြောင်း၊ မိမိတို့အားလုံးက မှန်ကန်သည့် အသိ၊ မှန်ကန်သည့် သတိတရားများနှင့် နိုင်ငံ့အကျိုး၊ လူမျိုးအကျိုးကို သယ်ပိုးပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ်၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့်အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတ ကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြခြင်း ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်မည်ဆိုပါက နိုင်ငံတိုင်းနီးပါးသည် မိမိတို့၏ အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟုခေါ်သည့် လူမှုအရင်းများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းများကို အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြပြီး မျိုးဆက်သစ်လူငယ်များကို ပိုမိုပြုစုပျိုးထောင်လာကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်များ လူသား အရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ပြောရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် မကြာခဏ ပြောကြားနေသည့် အကြောင်းအရာတစ်ခုကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ တိုင်းပြည်တစ်ခု တိုးတက်ဖွံ့ဖြိုးခြင်း၏ အခြေခံသည် ပညာတတ် လူ့အရင်းအမြစ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန် လိုသည်ကို မကြာခဏ တွန်းအားပေးပြောကြားခဲ့ပါကြောင်း။

**နိုင်ငံတော်၏ အနာဂတ်များဖြစ်**

အားလုံး သိကြသည့်အတိုင်း လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ခေတ်စနစ်များကို မည်သို့ပင် ဖြတ်သန်းကြရသည်ဖြစ်စေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နိုင်ရန်လည်း လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ် တည်ရှိနေအောင် ဝိုင်းဝန်းကူညီပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးကို နိုင်ငံတော်၏ အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ်ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကိုလည်း မိဘနှင့်သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေး နည်းလမ်းများရှာဖွေ ဖော်ဆောင်ပေးလျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။ စာမျက်နှာ ၅ သို့ ☆

❖ **လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုပင်ဖြစ်၊ ခေတ်စနစ်များကို မည်သို့ပင်ဖြတ်သန်းကြရသည်ဖြစ်စေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်**

❖ **ထိုသို့ဖြစ်ပေါ်နိုင်ရန်လည်း လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ် တည်ရှိနေအောင် ဝိုင်းဝန်းကူညီပေးကြရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

✯ စာမျက်နှာ ၄ မှ

နိုင်ငံတော် အစိုးရအနေဖြင့် လူငယ်များကို အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာမူဝါဒများကို ခေတ်ကာလနှင့် ကိုက်ညီအောင် ပြင်ဆင်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့်စာပေအနုပညာပြပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများ၊ နွေရာသီအားကစား သင်တန်းများ၊ အာဆီယံနှင့် ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးပွဲများနှင့် ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ဆွေးနွေး ပြသယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်ပေးနေသည့်အတွက် လူငယ်များ၏ အသိပညာနှင့် အတွေးအမြင်များ ပိုမိုဆန်းသစ်တိုးတက်လာစေခဲ့ပါကြောင်း။

## လက်တွဲဆောင်ရွက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များပါဝင်လာနိုင်စေရန် အခွင့်အရေးပေးပြီး လက်တွဲဆောင်ရွက်ပေးကြရန်၊ လူငယ်များကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ချစ်မြတ်နိုးစေပြီး နိုင်ငံ့တာဝန်ကျေပွန်စေမည့် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်၊ လူငယ်များအနေဖြင့်လည်း အစဉ်လေ့လာသင်ယူမှုများနှင့် အတတ်ပညာ၊ အသိပညာပြည့်စုံပြီး နိုင်ငံ၏ အနာဂတ်အတွက် အားကိုးအားထား ပြုနိုင်မည့်သူများဖြစ်အောင် ကြိုးစားသွားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ အားကစား မောင်မယ်များက အားကစားနည်းအလိုက် စွမ်းရည်ပြသခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က "ရွှေသို့လှမ်းချီ မြန်မာပြည်" တေးသီချင်း၊ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" တေးသီချင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက "နတ်မြင်းပျံ" ယိမ်းအက၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် တိုင်းရင်းသား တိုင်းရင်းသူများက "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" တေးသီချင်း၊ အဆိုတော် ယုန်လေးက "အနာဂတ် သူရဲကောင်း" တေးသီချင်း၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ရတနာများစွာ" တေးအော်ပရာ၊ အနုပညာရှင်များက "တာဝန်ကိုယ်စီထိန်းကြမည်" တေးသီချင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "သျှောင်ပေစုး" တေးသရုပ်ဖော်အက၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက "ရွှေသို့ချီမည် ပန်းတိုင်ဆီ" တေးသီချင်းနှင့် ဖျော်ဖြေရေးအဖွဲ့များက "ပြည့်ရတနာ" တေးသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

## အခမဲ့လာရောက်လေ့လာနိုင်

အဆိုပါ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပွဲတော်ကို "ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာမြှင့်တင်စို့" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်တွင် ဝန်ကြီးဌာနများမှ ပြခန်းများ ခင်းကျင်းပြသထားကာ ဖျော်ဖြေရေးအစီအစဉ်များ၊ အနုပညာရှင်များနှင့် ဆွေးနွေးပွဲများ၊ တိုင်းရင်းသား ရိုးရာအစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသထားပြီး မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ဖျော်ဖြေရေးအဖွဲ့များ "ပြည့်ရတနာ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြစဉ်။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် စတင်ကျင်းပ
# ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် မိဘပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေ အနုပညာပွဲတော်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။



**ခင်းကျင်းပြသထား**

အဆိုပါ ပွဲတော်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် ပြခန်းများဖြစ်သည့် ရေကြောင်း၊ လေကြောင်း၊ မြန်မာ့မီးရထားနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ လွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံတော်အလံလွှင့်တင်ခြင်း အခမ်းအနား မှတ်တမ်းမှတ်ရာ၊ လွတ်လပ်ရေး ကြေညာစာတမ်းနှင့် လွတ်လပ်ရေးအသိအမှတ်ပြုစာတမ်း၊ မြန်မာနိုင်ငံတော်အလံများနှင့် ၁၉၄၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့ ပြခန်းများ၊ ကချင်ပြည်နယ် ပူတာအိုခရိုင် မဝှေ့ဇ - ခေါင်လန်ဖူးလမ်းဖောက်လုပ်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများ၊ စာအုပ်စာပေအရောင်းဆိုင်နှင့် စာပေဗိမာန်ဆိုင်ရာ မှတ်တမ်း ဓာတ်ပုံပြခန်းများကို ခင်းကျင်း ပြသထားသည်။

ထို့ပြင် ပြည်သူများ သိသင့်သိထိုက်သည့် သမိုင်းဝင်စာချုပ်၊ စာတမ်းများနှင့် ကျောက်စာများပြခန်း၊ အမျိုးသားစာကြည့်တိုက်ပြခန်း၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အဓိက ဂေဟစနစ်ကြီးများ ပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ နိုင်ငံအတွင်း နေထိုင်သူ အသက် ၁၀ နှစ်အထက်ရှိ နိုင်ငံသားများအား ကိုယ်ရေး အချက်အလက်စိစစ်ကောက်ယူမှု ပြုလုပ်ပေးသည့် ပြခန်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍပြခန်း၊ လျှပ်စစ်ကား နည်းပညာဆိုင်ရာပြခန်း၊ ရွှေ့လျားသိပ္ပံနှင့် နည်းပညာပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှုပြခန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန တက္ကသိုလ်နှင့် သင်တန်းကျောင်းများမှ လူငယ်ဆိုင်ရာ လှုပ်ရှားမှုပုံရိပ်ပြခန်း၊ လူငယ်များ သိသင့်သိထိုက်သည့် အားကစားနှင့် လူငယ်ရေးရာပြခန်းနှင့် E-Sports ပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ တိုးတက်ကျယ်ပြန့်စေရန် ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများပြခန်းနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပြခန်းတို့ကို ခင်းကျင်းပြသထားသည်။

အလားတူ စာအုပ်စာပေများ ဖတ်ရှု၍အသိပညာ၊အတတ်ပညာ ဗဟုသုတများ ရယူရန် စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များအတွက်လည်း ပြန်ကြားရေး ဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေး စာအုပ်များ၊ ကျန်းမာရေး ကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေးစီမံခန့်ခွဲမှု စာအုပ်များနှင့် သမိုင်းစာအုပ်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ပွဲတော်အတွင်း၌လည်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု မြန်မာစာရေးဆရာ၊ ဆရာမကြီးတို့၏ ဓာတ်ပုံများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ အတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များနှင့် အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိရာ ဓာတ်ပုံအနုပညာကို ချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများ အပြင် စိတ်ပျော်ရွှင် ချမ်းမြေ့စေမည့် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် နိုင်ငံကျော် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့်ပုံစံများကို ပြပွဲသို့ လာရောက် လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

အလားတူပွဲတော်သို့လာရောက် လေ့လာကြသူများ လျှပ်စစ်သုံးယာဉ်(EV) ဆိုင်ရာ အသိပညာ၊ အတတ်ပညာများ သိရှိနိုင်စေရန်၊ လျှပ်စစ်သုံးယာဉ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အလုပ်လုပ်ပုံနှင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက် ဆောင်ရွက်နေမှုများကို ဗဟုသုတအဖြစ် သိရှိနိုင်စေရန်အတွက် လျှပ်စစ်သုံးယာဉ်(EV) ဆိုင်ရာ ပြခန်းကိုလည်း ပါဝင်ပြသထားရာ စိတ်ပါဝင်စားစွာ လေ့လာကြသူများဖြင့် လည်း စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော် ရဲတပ်ဖွဲ့မှ မှုခင်း ပညာပေးပြခန်းယာဉ်ကို အသိပညာပေး ပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းနှင့် စွမ်းရည် တိုးတက်မြင့်မားရေး ဆောင်ရွက်မှုများ၊ ယာဉ်ထိန်းလုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့် သိထိုက်သော ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

**စာမျက်နှာ ၇ သို့ ❖**






# “လူငယ်နှင့်စာပေ” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ၊ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေး




**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် “လူငယ်နှင့်စာပေ” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးကြသည်။

**ဖွဲ့ရှိရှိကြိုးစားပါက အောင်မြင်မှုရရှိနိုင်**

ဦးစွာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲမစတင်မီ ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် အနုပညာရှင်များက “ထာဝရသစ္စာ”၊ “လူငယ်ဆိုတာ” တေးသီချင်းများနှင့် ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် MRTV–4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲသရုပ်ဆောင်များက စာပေနှင့်အနုပညာဆိုင်ရာသိမှတ်ဖွယ်ရာများ၊ လူငယ်နှင့်စာပေအနုပညာ ဆက်စပ်မှုရှိပုံ၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ ၊ လူငယ်ဘဝတွင် နေထိုင်ပြုမူရမည့် အမူအကျင့်များနှင့် တွေ့ကြုံရမည့် အခက်အခဲများ၊ မိမိတို့ ဝါသနာပါရာ အတတ်ပညာကို တစိုက်မတ်မတ် ဖွဲ့ရှိရှိ ကြိုးစားပါက အောင်မြင်မှုရရှိနိုင်ကြောင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးကြသူများက လူငယ်များ သိသင့်သိထိုက်သည့် အသိပညာဗဟုသုတအကြောင်းအရာများကို ထပ်ဆင့်မျှဝေပေးခဲ့ကြသည်။

အလားတူ ဒီဇင်ဘာ ၂၁ ရက်တွင် “လူငယ်နှင့်အကောင်းမြင်စိတ်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် “ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး” ခေါင်းစဉ်ဖြင့် လည်းကောင်း လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဆက်သစ်**

❖ စာမျက်နှာ ၆ မှ

အဆိုပါ ပွဲတော်ကြီးသို့ လာရောက် လေ့လာဆင်နွှဲကြသည့် လူငယ်များနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်အတွက်လည်း ဝန်ကြီးဌာနအသီးသီးအလိုက် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများ၊စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားနည်း စသည့် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိကစားနည်းများကိုအသိပညာပေးနည်းလမ်းများတွဲဖက်၍ ကစားစေသည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားရာ စိတ်ဝင်တစားပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



**စည်ကား**

ပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများအနေဖြင့် စိတ်ဝင်စားဖွယ်ရာ ပြသထားသည့် အစီအစဉ်များကို လှည့်လည် ကြည့်ရှုလေ့လာရင်း တိုင်းရင်းသားများ၏ ရိုးရာအစားအသောက်များကို ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် အလွယ်တကူ စားသုံးနိုင်ရန် အတွက်လည်း တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ် ရောင်းချပေးလျက်ရှိရာ အစားအသောက်များ ပြတ်လပ်သည်အထိ လာရောက်စားသုံး ဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ တစ်စုံတစ်ရာကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါကလည်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ထည့်သွင်းထားပြီး တာဝန်ရှိသူများကလည်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးအစီအမံများ စနစ်တကျ ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့်ရင်းနှီးပြီး စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**အခမဲ့ပါဝင်ဆင်နွှဲနိုင်**

ထို့ကြောင့် ကျောင်းသားလူငယ်များ သိသင့်သိထိုက်သည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိမြင်စေပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့် အနုပညာရပ်များ၏ အကျိုးကျေးဇူးကို သိရှိစေရန်နှင့် မိမိတို့၏ အတွေးအမြင်များဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လာနိုင်စေရန် ပြခန်း၊ ပြကွက်များနှင့် အခြားကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနုပညာဆိုင်ရာ အကြောင်းအရာများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပြသမည့် လူငယ်နှင့်စာပေ အနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည့်အတွက် မည်သူမဆို လွတ်လပ်စွာ အခမဲ့ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း– မျိုးဆက်သစ်**
**ဓာတ်ပုံ– ရွှေကိုလေး**






# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် စတင်ကျင်းပမှုမြင်ကွင်း

နေပြည်တော် ဒီဇင်ဘာ ၂၀

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲမှုများကို ဖော်ပြအပ်ပါသည်-
















# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် စတင်ကျင်းပမှု မြင်ကွင်း













# Mandalay International Trade Fair & Investment Forum 2023 ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအချင်းချင်း ချိတ်ဆက်ပေးနိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေး အလားအလာများ သိသာပေါ်လွင်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့် Mandalay International Trade Fair & Investment Forum 2023 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Mandalay Convention Center ၌ ကျင်းပသည်။




**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ MRCCI ဥက္ကဋ္ဌ ဦးဝင်းဌွေး၊ ယူနန်၊ တက်ဟုန်း၊ ဟူနန် ကုန်သည်ကြီးများအသင်းတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးထွန်းအုံနှင့် တာဝန်ရှိသူများက Mandalay International Trade Fair & Investment Forum 2023 ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် Forum ကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မန္တလေးတိုင်းဒေသကြီးသည် အဓိကကျသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားနိုင်ပြီး စက်မှုလုပ်ငန်းများ ထွန်းကားသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကြောင်းတရားများနှင့် ပြည့်စုံနေသည့် တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်က အားပေးလျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ထုတ်လုပ်မှုကွင်းဆက်များတွင် ပါဝင်နိုင်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်နိုင်ရန် အလားအလာကောင်းများရှိကြောင်း၊ ယနေ့ အခမ်းအနားတွင်လည်း လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူ ပြုနိုင်မည့် ပူးပေါင်း ဆောင်ရွက်မှုကောင်းများ ဖော်ဆောင်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခုကဲ့သို့ နိုင်ငံတကာ ကုန်စည်ပြပွဲများကို အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းကျင်းပခြင်းကြောင့် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံနိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ပို့ကုန်ကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲများမှတစ်ဆင့် နိုင်ငံတကာတွင် ကျင်းပသည့် ကုန်စည်ပြပွဲများသို့ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များ ပါဝင်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ရေရှည်ရပ်တည်ရှင်သန်သွားနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှု များကိုလည်းကောင်း၊ UMFCCI ဥက္ကဋ္ဌက နိုင်ငံအတွင်းရှိ MSMEလုပ်ငန်းများ ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး အတွက် UMFCCI အသင်းချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ MRCCI ဥက္ကဋ္ဌက ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် MRCCI အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီး အတွင်း စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် နို့၊ ပဲနို့ရည် အမျိုးမျိုးနှင့် ရေသန့်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဥရောပ၊ အာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်နှင့် ၁၀၀ ရာခိုင်နှုန်း ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစားအစာနှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း ဆောင်ရွက်နေသည့် Sunjin Myanmar Co., Ltd များသို့ သွားရောက်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်ရေး၊ ထုတ်ကုန်တိုးမြှင့်နိုင်ရေး၊ အရည်အသွေးမီ ထုတ်ကုန်များဖြစ်၍ ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ပြည်တွင်းထုတ်ကုန်ကြမ်းများ ပိုမိုဦးစားပေးအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အစီအစဉ် (CSR) မြှင့်တင်ဆောင်ရွက်ရေး၊ လုပ်ငန်းစွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး စက်ရုံလည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# Mandalay International Trade Fair & Investment Forum 2023 ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကား

**မန္တလေး ဒီဇင်ဘာ ၂၀**

Mandalay International Trade Fair & Investment Forum 2023 ကို ယနေ့မှစတင်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းရှိ Mandalay Convention Center (MCC)တွင် ကျင်းပလျက်ရှိရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။




အဆိုပါ Forum ကို မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)နှင့် တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်မှ တယ်ဟုန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

**ပြည်ပနဲ့ချိတ်ဆက်ဆောင်ရွက်**

"ဒီ Forum မှာ အာဆီယံနိုင်ငံတွေက သူတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအလားအလာတွေ ပြသကြတဲ့အတွက် အဆက်အသွယ်တွေရရှိပြီး ကျွန်တော်တို့နိုင်ငံကလုပ်ငန်းရှင်တွေ ပြည်ပနဲ့ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်းဖြင့် သူတို့ရဲ့လုပ်ငန်းတွေမှာ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့မှာပဲ ဗီယက်နမ်၊ တရုတ်နိုင်ငံတို့နဲ့ MoU သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့တယ်"ဟု MRCC ဥက္ကဋ္ဌ ဦးဝင်းဌွေးက ပြောသည်။

"နိုင်ငံတကာနဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ မန္တလေး မြို့သာစက်မှုဥယျာဉ်မှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်တယ်ဆိုတာကို ဒီပွဲမှာ ရှင်းလင်းပြသတာဖြစ်ပါတယ်။ တည်နေရာအနေနဲ့ မြန်မာနိုင်ငံရဲ့ ဗဟိုမှာရှိပြီး ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းအားလုံးနဲ့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေတဲ့နေရာဖြစ်တယ်။ ယခုပြုလုပ်တဲ့ Forum ကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။ လုပ်ငန်းရှင်တွေ ရှေ့ဆက်ပြီးဘာလုပ်မလဲ၊ ထပ်ပြီး ဘာတွေချဲ့ထွင်နိုင်မလဲဆိုတာနဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု မန္တလေး မြို့သာစက်မှုဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာထွန်းအောင်က ပြောသည်။

Mandalay International Trade Fair & Investment Forum တွင် ဒီဇင်ဘာ ၂၀ ရက်၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍ၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဒီဇင်ဘာ ၂၂ ရက်တွင် Green Energy MSME ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် Forum တွင် ပြခန်းပေါင်း ၂၄၀ ကျော်ကို ခင်းကျင်းပြသထားရှိပြီး ပြခန်းအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ် စသည့်နိုင်ငံများမှ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် အိမ်သုံးကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ EV car၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်း စသည်တို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်သည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲဖောက်ခြင်းအစီအစဉ်များနှင့် ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – မောင်အေးချမ်း**
**ဓာတ်ပုံ – MTK**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကလေးတွေကို ဗဟုသုတအနေနဲ့ မြင်ဖူးတွေ့ဖူးအောင်ရယ်၊ နောက်တစ်ခုက ရှေးဟောင်းပေပုရပိုက်တွေနဲ့ပတ်သက်ပြီး တန်ဖိုးထားတတ်လာအောင်ရယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှေးဟောင်းစာပေအမွေအနှစ်တွေကို ဦးစားပေးခင်းကျင်းပြသထားပါတယ်

ဦးအောင်စိုး

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ နေမျိုး**

“ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့” ဟူသော ဆောင်ပုဒ်ဖြင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။ ယနေ့လူငယ်နောင်ဝယ်လူကြီး ဆိုသည့် ဆိုရိုးစကားနှင့်အညီ အနာဂတ်ကာလတွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်းထမ်းဆောင်ကြရမည့်လူငယ်များ၏ အသိပညာ အတတ်ပညာများ မြင့်မားနေစေရေး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံသားကောင်း လူငယ်မောင်မယ်များ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်သို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၊ လူငယ်များလေ့လာ၍ ဗဟုသုတရယူနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားသော ဝန်ကြီးဌာနပေါင်းစုံမှ ပြခန်းများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်တို့၏ စေတနာစကားသံများကို တွေ့ဆုံမေးမြန်း၍ ပြန်လည်ဖော်ပြပေးလိုက်ပါသည်–

**ဒေါက်တာဇင်သူအောင်**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြခန်းတာဝန်ခံ**

လူငယ်နှင့် စာပေအနုပညာပွဲတော်မှာ ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ TIVET Teacher Training Center မှာ ကျောင်းသူ ကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေကို လျှပ်စစ်ကားနဲ့ပတ်သက်ပြီး အသိပညာဗဟုသုတတွေ ရစေချင်တဲ့ Training ပေးနေတာရှိပါတယ်။ ဒီလို Training ပေးတဲ့အခါမှာ အသုံးပြုတဲ့ ပစ္စည်းတွေကို ပြသခြင်း ဖြစ်ပါတယ်။ ဗဟုသုတအနေနဲ့ ပြောရမယ်ဆိုရင်တော့ လူငယ်နှင့် စာပေအနုပညာပွဲတော်ဆိုတာနဲ့အညီ လူငယ်တွေကို အဓိကရည်ရွယ်ခြင်း ဖြစ်ပါတယ်။ လျှပ်စစ်ကားတွေကို ပြသတာဖြစ်တဲ့အတွက် မတူညီတဲ့ လျှပ်စစ်ကားတွေ၊ ပြီးတော့ လျှပ်စစ်ကားတွေ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကို လေ့လာရင်း လူငယ်နှင့် စာပေပွဲတော်ကို လာရောက်တဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး ဗဟုသုတရရှိစေမှာဖြစ်ပါတယ်။ အခုလက်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်မှာ လူငယ်တွေ လူ့စွမ်းအားအရင်းအမြစ်တွေ တိုးတက်လာဖို့အတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေ ရှိပါတယ်။ လက်ရှိအချိန်မှာ လျှပ်စစ်ကားတွေနဲ့ပတ်သက်ပြီး အသိပညာဗဟုသုတရစေဖို့ လေ့ကျင့်ရေးစင်တာနှစ်ခု ဖွင့်လှစ်ထားပါတယ်။ ပထမလေ့ကျင့်ရေးစင်တာကတော့ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်မှာရှိတဲ့ TIVET Teacher Training Center မှာရှိတဲ့ ဆရာ ဆရာမတွေကို လျှပ်စစ်ကားနဲ့ပတ်သက်တဲ့ အသိပညာ ဗဟုသုတရအောင် လေ့ကျင့်ပေးနေပါတယ်။ အဲဒီကမှတစ်ဆင့် ကျောင်းသားတွေကို ပြန်လည်သင်ကြားမှာ ဖြစ်ပါတယ်။ နောက်ထပ် လေ့ကျင့်ရေးစင်တာတစ်ခုကတော့ ရန်ကုန်မြို့ အင်းစိန်မှာရှိတဲ့ GTI မှာ ပြင်ပလုပ်ငန်းရှင်တွေအတွက် လျှပ်စစ်ကားနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ပေးနေတာရှိပါတယ်။

**အကယ်ဒမီရန်အောင်**
**အနုပညာရှင်**

ကျွန်တော်ကတော့ အနုပညာရှင်တစ်ယောက်ဖြစ်တာနဲ့အညီ အနုပညာဘက်ကနေ အခုကျင်းပနေတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို တက်ရောက်ဖြစ်တာပါ။ အနုပညာရှင်ဆိုတာကတော့ ပြည်သူတွေရဲ့ စံပြထားရတဲ့ အနုပညာသည်တစ်ဦးဖြစ်တယ်ဆိုတော့ အနုပညာရှင်မဖြစ်ခင်ကတည်းက အနုပညာရှင်တွေရဲ့ သရုပ်ဆောင်မှုတွေ၊ လှုပ်ရှားမှုတွေ၊ ပညာပေးမှုတွေကို ကြည့်ပြီးမှ ရပ်တည်လာခဲ့ရတာဖြစ်ပါတယ်။ မိဘနဲ့ ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ထပ်တူ စာပေနဲ့ ယဉ်ကျေးမှုကလည်း အထောက်အကူပေးပါတယ်။ အနုပညာရပ်ဝန်းက လူငယ်တွေအပေါ်မှာ ပညာပေးခဲ့တာတွေကလည်း အများကြီးအထောက်အကူရပါတယ်။ အဲဒါတွေကို အားကျအတုယူပြီး ကျင့်သုံးလာခဲ့ရတာ ဖြစ်ပါတယ်။ အခုပွဲတော်မှာ လူငယ်နဲ့ အနုပညာရပ်ဆိုင်ရာတွေ အများကြီးတွေ့ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် ယဉ်ကျေးမှုဆိုင်ရာနဲ့ပတ်သက်ပြီး ဗုဒ္ဓဝင်တွေ သိရအောင်၊ လူမှုဆက်ဆံရေးတွေ နားလည်အောင်၊ မြန်မာစကားပုံလေးတွေလည်း ကျွမ်းကျင်သွားအောင် သင်ယူခဲ့ရတယ်။ အဲဒါတွေကျွမ်းဝင်ယဉ်ပါးသွားတယ်ဆိုရင် မြန်မာပြည်မှာ ဖြတ်သန်းရမယ်ဆိုတဲ့ အတိုင်းအတာတစ်ခုမှာ အများကြီးအထောက်အကူပြုပါတယ်။ ယဉ်ကျေးမှုအရရော၊ ဘာသာရေးအရရော၊ နိုင်ငံရဲ့အစဉ်အလာအရရော မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အားလုံးဟာ သိသင့်သိထိုက်တဲ့၊ လိုက်နာသင့် လိုက်နာထိုက်တဲ့ အခြေခံအပြုအမူတွေလို့ ကျွန်တော်မြင်ပါတယ်။

**ဦးအောင်စိုး**
**ပညာရေးဝန်ကြီးဌာန ပြခန်းတာဝန်ခံ**

အခုလက်ရှိပြခန်းမှာ ရှေးဟောင်းပေပုရပိုက်တွေပါတယ်။ ကလေးတွေကို ဗဟုသုတအနေနဲ့ မြင်ဖူးတွေ့ဖူးအောင်ရယ်၊ နောက်တစ်ခုက ရှေးဟောင်းပေပုရပိုက်တွေနဲ့ပတ်သက်ပြီး တန်ဖိုးထားတတ်လာအောင်ရယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှေးဟောင်းစာပေအမွေအနှစ်တွေကို ဦးစားပေးခင်းကျင်းပြသထားပါတယ်။ နောက်ပြီး ဝိဇ္ဇာ၊ သိပ္ပံပညာရှင် ဆရာတွေရဲ့ သင်ကြားမှုတွေထဲက အခြေခံ ကျောင်းသား ကျောင်းသူအားလုံး သိသင့်သိထိုက်တဲ့ပြကွက်လေးတွေလည်း ပါဝင်ပါတယ်။ အခြားပြကွက်ကတော့ ဇီဝဗေဒနဲ့ပတ်သက်ပြီး ခရုလေးတွေကမှ ဓာတ်ခွဲခန်းမှာ အသုံးကျတဲ့ သားလောင်းလေးတွေ မွေးမြူရေးဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်လေးတွေကိုလည်း ပြသထားပါတယ်။ သင်ရိုးညွှန်းတမ်းထဲမှာ မပါပေမယ့် ဆက်စပ်မှုတော့ရှိတယ်လို့ ပြောရမှာပါ။ အဓိကကတော့ ကျွန်တော်တို့မြန်မာတွေရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ကလေးတွေသိပြီး တန်ဖိုးထားတတ်အောင် ပြသထားတာဖြစ်ပါတယ်။


ဒေါက်တာဇင်သူအောင်


အကယ်ဒမီရန်အောင်


ဦးအောင်စိုး


မောင်ချမ်းမြေ့မောင်


မောင်အောင်ပိုင်ဖြိုး


မလွင်မာအေး

**မောင်ချမ်းမြေ့မောင်**
**အထက(၁)၊ ဇေယျာသီရိမြို့နယ်**

ကျွန်တော်ကတော့ Grade-11 မှာ တက်ရောက်ပညာသင်ယူနေတာဖြစ်ပါတယ်။ လက်ရှိကျင်းပပြုလုပ်နေတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်မှာ ဘင်ခရာအဖွဲ့ ခေါင်းဆောင်အနေနဲ့ ပါဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ စာပေနဲ့ပတ်သက်ရင်တော့ ခေတ်နှောင်းပိုင်းစာပေတွေကို ပိုပြီးဖတ်ဖြစ်ပါတယ်။ ဖတ်တဲ့စာတွေကို ပြောရရင်တော့ ရသထက် သုတကပိုများပါတယ်။ အခုခေတ်က သတင်းအချက်အလက်နဲ့ နည်းပညာခေတ်ဖြစ်နေတာကြောင့် နိုင်ငံတကာမှာ အင်တာနက်ကို အကျွမ်းတဝင်ရင်းရင်းနှီးနှီး အသုံးပြုနေပြီဆိုတော့ ကိုယ်ပိုင်စာအုပ်စာစောင် မရှိတဲ့အခါ အင်တာနက်ကနေတစ်ဆင့် ဖတ်ဖို့လိုမယ်လို့ ထင်ပါတယ်။ အခုလိုမျိုးပွဲတွေ ကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**မောင်အောင်ပိုင်ဖြိုး**
**သရုပ်ပြအဖွဲ့ဝင်**

အခုကျင်းပနေတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်မှာ သရုပ်ပြဖြစ်တာကြောင့် ကျတဲ့အခန်းကဏ္ဍကနေ သရုပ်ဖော်ပေးရတာ ဖြစ်ပါတယ်။ အခြားကျောင်းသား၊ ဆရာဝန်၊ ဆရာမ၊ အင်ဂျင်နီယာအစုံပါပါတယ်။ ဒီလူငယ်နှင့် စာပေအနုပညာပွဲတော်မှာ ကျောင်းသားကျောင်းသူတွေလည်း အများကြီးတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးနဲ့ စာပေနယ်ပယ်မှာ စိတ်ဝင်စားလာအောင် အများကြီးလုပ်ပေးနေပြီး အနာဂတ်လူငယ်တွေ ထက်မြက်တဲ့ အရည်အချင်းတွေနဲ့ ပြည့်ဝစေအောင် ပျိုးထောင်ပေးနေတယ်လို့ မြင်ပါတယ်။

**မလွင်မာအေး**
**လေကြောင်းဆိုင်ရာပြခန်းအဖွဲ့ဝင်**

အခုလောလောဆယ် ဒီပြခန်းကို လာရောက်ခဲ့ရတာကတော့ လေယာဉ်မယ်တစ်ယောက်အနေနဲ့ပါ။ မြန်မာ့လေကြောင်းမှာ လေယာဉ်ဆိုရင် အေတီအာရ်ရယ်၊ ဘိုးရင်းရယ်ဆိုပြီးရှိပါတယ်။ အဲဒီလေယာဉ်တွေမှာ လေယာဉ်မယ်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အနာဂတ်လူငယ်တွေဖြစ်တဲ့ ကလေးတွေအားလုံးဟာ လေယာဉ်မှူးနဲ့ လေယာဉ်မောင်မယ်တွေဖြစ်ချင်ကြတယ်။ ဒီလေယာဉ်ကြီးတွေ ကြည့်ပြီး အနာဂတ်ကျရင် ဒီလေယာဉ်အမျိုးအစားတွေနဲ့ ဒီထက်အဆင့်မြင့်တဲ့ လေယာဉ်အမျိုးအစားတွေ မောင်းနိုင်အောင်ဆိုတဲ့ ရည်မှန်းချက်တွေ ထားနိုင်အောင်နဲ့၊ ဒီလိုလေယာဉ်တွေဟာ ကိုယ်ပိုင်နဲ့ နိုင်ငံပိုင်တွေရှိသလို ငှားထားတဲ့ ယာဉ်တွေလည်းရှိတယ်ဆိုတာ သိအောင်ပြသထားတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ လေယာဉ်တွေရှိတယ်ဆိုတာသိအောင် ဒီပြခန်းကို ကလေးတွေလာကြည့်တဲ့အခါကျရင် စိတ်ဓာတ်ခွန်အားတွေ တက်ပြီးတော့ အနာဂတ်အတွက် မျှော်မှန်းချက်ထားနိုင်အောင်လို့ ပြသထားတာဖြစ်ပါတယ်။

သုတစာပေတို့သည် မြင့်မားသောအတွေးအခေါ်နှင့် အတတ်ပညာဗဟုသုတတို့ လေ့လာသင်ယူနိုင်သော နယ်ပယ်ဖြစ်သည်။ ရသစာပေတို့သည် ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် အဓိကကျသော စိတ်ဓာတ်အခြေခံကောင်းများ ဖြစ်ပေါ်စေသည်။ အမြင့်သို့ တက်လှမ်းရန် ရည်ရွယ်သော လူငယ်မောင်မယ်များသည်လည်း စာပေနှင့် ဝေးကွာ၍ မရနိုင်ပေ။ နိုင်ငံတော်နှင့် အမျိုးဘာသာ သာသနာ၊ ရိုးရာယဉ်ကျေးမှုတို့ကို ချစ်မြတ်နိုးသော လူငယ်များ၊ ဗလငါးတန်နှင့် ပြည့်စုံသော ထူးချွန်ထက်မြက်သည့် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်သော လူငယ်နှင့် စာပေအနုပညာပွဲတော်လာ ပရိသတ်တို့၏ စကားသံများကို စုစည်းတင်ပြအပ်ပါကြောင်း။

■

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် ဒီဇင်ဘာ ၂၀

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ထုတ်ပေးရေးစခန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် Remittance Management System(RMS) လက်တွေ့အသုံးပြုခြင်းသင်တန်းသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးရေးစခန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် Remittance Management System(RMS) လက်တွေ့အသုံးပြုခြင်းသင်တန်းသို့ တက်ရောက် အမှာစကား ပြောကြားသည်။





**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ CI ထုတ်ပေးရေးစခန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် RMS စနစ်၏ လည်ပတ်ပုံ၊ CI အလုပ်သမားများအား e-OWIC လျှောက်ထားနိုင်ရေးအတွက် RMS စနစ်တွင် စာရင်းရေးသွင်းခြင်းနှင့် e-OWIC ထုတ်ပေးနိုင်ရေး Approval ပြုလုပ်ခြင်းများ၊ RMS Mobile Application အသုံးပြုရာတွင် လိုအပ်သည့် အချက်များအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း။

RMS Mobile Application ကို အလုပ်သမားများ၏ ဖုန်းအတွင်းသို့ ထည့်သွင်းပြီးပါက အလုပ်သမားများအနေဖြင့် ၎င်းတို့၏ e-OWIC အချက်အလက်များ၊ Passport (သို့မဟုတ်) CI အချက်အလက်များ၊ မိသားစုထံသို့ ငွေလွှဲနိုင်ရေးအတွက် ငွေလဲလှယ်နှုန်းများ၊ လုပ်ငန်းခွင်အခက်အခဲဖြစ်ပါက အကူအညီတောင်းခံခြင်းများ၊ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များ၊ ငွေလွှဲခဲ့သည့် မှတ်တမ်းများကို Mobile Application မှတစ်ဆင့် အလွယ်တကူ ကြည့်ရှု ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် RMS Mobile Application လက်တွေ့အသုံးပြုခြင်းနှင့် ထိုင်းနိုင်ငံတွင် CI ထုတ်ပေးရေးလုပ်ငန်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဂရုတစိုက် သေချာစွာလေ့လာ မှတ်သားထားကြရန် မှာကြားသည်။

ဆက်လက်၍ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က EID မှတ်ပုံတင်စနစ် အကြောင်းကိုလည်းကောင်း၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က CI ထုတ်ပေးရာ၌ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လည်းကောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အခွန် နှစ်ရာခိုင်နှုန်း ကောက်ခံခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် CI ထုတ်ပေးရာ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် လက်တွေ့ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၅/၂၀၂၃-၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI)နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို ပထမအကြိမ် ချေးငွေအဆိုပြုလွှာခေါ်ယူပြီး Project Management Unit နှင့် PFI ဘဏ်များမှ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၂၀၂၃ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတို့မှ လုပ်ငန်းရှင် ၂၁ ဦးသို့ ငွေကျပ် ၁၇၇၃ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း၊ ယခု ဒုတိယအကြိမ် ချေးငွေအဆိုပြုလွှာ ခေါ်ယူပြီးဖြစ်၍ ချေးငွေစံသတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်များကို ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ အမြန်ဆုံးထုတ်ချေးပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ချေးငွေထုတ်ချေးပြီးအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများကိုလည်းကောင်း၊ အထောက်အကူပြုအဖွဲ့ခေါင်းဆောင်များက



သက်ဆိုင်ရာအဖွဲ့အလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Project Management Unit စီမံကိန်း ဒါရိုက်တာက ချေးငွေအမှုတွဲများ စိစစ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးတွင် နိုင်ငံတော်မှ ဆီထွက်သီးနှံများ တိုးတက်ထွက်ရှိရေးကို အားပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ ဆီစက်များ အဆင့်မြှင့်တင်ရေးနှင့် ဆီစက်လုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေများကို စနစ်တကျစိစစ်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးကဏ္ဍ အရှိန်အဟုန်ကောင်းစွာဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက ပူးပေါင်းပါဝင်ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဘေးကင်းလုံခြုံသော သား၊ ငါး အခြေခံ တန်ဖိုးမြင့်စားသောက်ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အဓိကကျသည့် ပုဂ္ဂလိကပိုင်း၏ပူးပေါင်းမှု မြှင့်တင်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါစက်မှုဇုန်ရှိ ပုဂ္ဂလိက ငါးအစာစက်ရုံနှင့် တိရစ္ဆာန်အစာတွင် ထည့်သွင်းသည့် ဟန်ရိုးမဆေးဝါးစက်ရုံလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးစဉ် တာဝန်ရှိသူများအား မွေးမြူရေး တိရစ္ဆာန်၏ ကျန်းမာသန်စွမ်းမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အသားထွက်ရှိမှု အရည်အသွေးများ တိုးတက်ကောင်းမွန်ရေးအတွက် တိရစ္ဆာန်အစာ၏ အရေးပါမှု၊ သဘာဝလွှတ်ကျောင်း မွေးမြူခြင်းမှ လှောင်မွေးသည့် ခေတ်မီမွေးမြူရေးစနစ် ထွန်းကားလာစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားမွေးမြူရေး လုပ်ကိုင်သူများ၏ လိုအပ်ချက်များကို မျက်ခြည်မပြတ်လေ့လာပြီး မွေးမြူရေးကဏ္ဍ အရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

**မှာကြား**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းသိုလှောင်ရုံ၌ လယ်ယာထွက်ကုန်၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရန် ငှားရမ်းလုပ်ကိုင်နေသော တောင်ပြာတန်း ကုမ္ပဏီ လီမိတက်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သိုလှောင်ရုံများ ထိန်းသိမ်းထားရှိမှု၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေး ဂရုပြုဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာစီပီကုမ္ပဏီ၏ တိရစ္ဆာန်အစာစက်ရုံလုပ်ငန်းများ၊ တိရစ္ဆာန်အစာ ဓာတ်ခွဲခန်းလုပ်ငန်းများ၊ မွေးမြူရေးထွက်ကုန် အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လယ်ယာ၊ သား၊ ငါး ထုတ်လုပ်မှုတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး အခြေခံသော တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးတို့အတွက် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနက အားပေးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေး၊ အရည်အသွေးပြည့်ဝသောထုတ်ကုန်များဖြစ်စေရေး ၊ မိမိတို့လုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက် ဟန်ချက်ညီဖွံ့ဖြိုးလာစေရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ ၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၄၄၈၁၂၇၉၀၇

## ကျိုင်းတုံမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် စိန်မေရီကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ မသန်စွမ်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အတက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ မသန်စွမ်းသူ ၄၈ ဦး၊ ဆရာ ဆရာမ ၁၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၃ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျန်းမာရေးအခြေအနေများမေးမြန်းကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် လေးပါး၊ ဒေသခံပြည်သူ ၁၆၇ ဦးနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉) အေးမြချမ်းသာ သီလရှင်ပရိယတ္တိစာသင်တိုက်မှ သာသနာ့နွယ်ဝင် သီလရှင် ၁၈၃ ပါးနှင့် ဒေသခံပြည်သူ ၁၁၀ တို့အား သက်ဆိုင်ရာနေရာများတွင် သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultra-sound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် ဆီးချို/သွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်တွင် ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာစုစုဒွေး ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကြသည်။



အခမ်းအနားတွင် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ညီလာခံနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပထမဦးစွာ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်လေးခုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆို (၁) "တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်" အဆိုနှင့်ပတ်သက်၍ တိုင်းရင်းဆေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာရှိ တိုင်းရင်းဆေးတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆို (၂) "ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံးတိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန်" အဆိုနှင့်ပတ်သက်၍ မိမိတို့၏ ဦးစီးဌာနသုံးဆေးဝါးများအား သုတေသနလုပ်ဆောင်ရန်အတွက်ရည်ရွယ်ပြီး သုတေသနသင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းနှင့် ၎င်းသင်တန်းများကိုလည်း တက်ရောက်ကြစေလိုကြောင်း၊ အဆို (၃) "တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် တိုင်းရင်းဆေးပညာရှင်များအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်" အဆိုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တိုင်းရင်းဆေးရပ်ဝန်းတစ်ခုလုံးအား ရည်ရွယ်၍ ပညာရပ်ဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချရန်အတွက် ရည်ရွယ်ခဲ့ပါကြောင်း၊ အဆို (၄) "တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်" အဆိုနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း စသည်တို့နှင့် ပူးပေါင်း၍ ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း စသည့်အဆိုများနှင့်ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များအား အဖွဲ့ငယ်များဖွဲ့စည်းပြီး အဖွဲ့အလိုက် ပါဝင်သင့်သော ပညာရှင်ကြီးများ ပါဝင်ကာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကလည်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ်များကို အုပ်စုလေးစုခွဲကာ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက် တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ ညီလာခံတွင် တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များ ရွေးချယ်မှုပြုလုပ်ခဲ့သည်။ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင်လည်းကောင်း၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံတွင် ပြည်သူလူထုအကျိုးပြု အဆိုပြုချက်လေးခုကို တင်ပြဆွေးနွေးကြမည်ဖြစ်သည်။

နေ့လယ်ပိုင်းတွင် ညီလာခံကိုယ်စားလှယ်များအား နေပြည်တော်တစ်ဝိုက်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်သို့ လေ့လာရေးပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် အသင့်ရှိကြောင်း အစ္စရေးသမ္မတ ပြောကြား



ဂျေရုဆလင် ဒီဇင်ဘာ ၂၀

အစ္စရေးနိုင်ငံက ဟားမတ်စ်အဖွဲ့နှင့် နောက်ထပ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန်အသင့်ရှိကြောင်း အစ္စရေးသမ္မတ အိုင်ဇက် ဟာဂေါ့စ်က ပြောကြားသည်။ ဂါဇာဒေသတွင် ဓားစာခံ ၁၃၀ ခန့် ရှိနေသေးကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့များကို ခန်းယူနွတ်မြို့တွင် အင်အားအများအပြား ထပ်မံစေလွှတ်ခဲ့ပြီး ဂါဇာကမ်းမြောင်တစ်လျှောက် ထိုးစစ်ဆင်မှုများကို အရှိန်မြှင့်ဆောင်ရွက်နေသည်။ လက်ရှိအချိန်၌ ခန်းယူနွတ်မြို့တွင် အစ္စရေးတပ်ဖွဲ့များနှင့် ဟားမတ်စ် စစ်သွေးကြွအဖွဲ့အကြား တိုက်ပွဲများဖြစ်ပွားနေသည်။ လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူ ၁၉၆၆၇ ဦး အထိရှိလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျန်ရှိနေသေးသည့် ဓားစာခံများလွတ်မြောက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန်အသင့်ရှိကြောင်း အိုင်ဇက်ဟာဂေါ့စ်က ထပ်လောင်း ပြောကြားသည်။

ကာတာနိုင်ငံမှ တာဝန်ရှိသူများနှင့် အစ္စရေးမော့ဆက် ထောက်လှမ်းရေးအကြီးအကဲတို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် မော့ဆက်အကြီးအကဲက သီတင်းတစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်အတွက် အပြန်အလှန်အားဖြင့် ဓားစာခံ ၄၀ ကို လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ကိုးကား – အင်န်အီတ်ချ်ကေ

ဘာသာပြန် – စိုးသူရ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခရီးသည်တင်ရထားတစ်စင်း မီးလောင်ကျွမ်းမှုဖြစ်ပွား၊ လေးဦးသေဆုံး



ဒါကာ ဒီဇင်ဘာ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဒီဇင်ဘာ ၁၉ ရက်တွင် ခရီးသည်တင် ရထားတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ရထားမီးလောင်မှုကြောင့် သေဆုံးသူလေးဦးတွင် သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် ၎င်း၏မိခင်တို့ပါဝင်ကြောင်း သိရသည်။

ခရီးသည် အများအပြားတင်ဆောင်လာသည့် မီးရထားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းမှ မြို့တော် ဒါကာသို့ ဦးတည်ထွက်ခွာလျက်ရှိစဉ် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ရထားတွဲဆိုင်းသုံးဆိုင်း မီးလောင်ပျက်စီးခဲ့ရသည်။ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ နိုင်ငံအနှံ့အပြား၌ မီးလောင်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရဲအရာရှိများနှင့် အတိုက်အခံပါတီများကို ထောက်ခံသူများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများလည်း ဖြစ်ပွားလျက်ရှိသည်။

ဆန္ဒပြသူအချို့က ဘတ်စ်ကားများနှင့် အခြားမော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးကာ အဖျက်အမှောက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲမတိုင်မီ လုံခြုံရေး ပိုမိုတင်းကျပ်လာနိုင်ကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

ကိုးကား – အင်န်အီတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

## ကွမ်းခြံကုန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒီဇင်ဘာ ၂၀ ရက်က မန်းကလိပ်ကျေးရွာအုပ်စု မယ်ဇလီဝကျေးရွာ၊ တော်ခရမ်း အနောက်ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာနှင့် ဒေးဒနော ကျေးရွာအုပ်စု ဒေးဒနောကျေးရွာတို့တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာကွန်ကရစ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မယ်ဇလီဝကျေးရွာ၊ ဆိပ်ကြီးကျေးရွာနှင့် ဒေးဒနော ကျေးရွာတို့တွင် ကွန်ကရစ်လမ်း ခင်းခြင်းနှင့် မြေသားလမ်း အုတ်ပေါင်နှစ်ဖက်စီခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)

## မှော်ဘီမြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မှော်ဘီ ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မှော်ဘီမြို့နယ် ဦးစီးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၉ ရက်တွင် ဦးပေါ်ကာကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူလူထု ထည့်ငွေကျပ် ၁၀ သိန်း ငါးသောင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ပေ ၈၀၀၊ အကျယ် ခြောက်ပေ၊ ဒု ခြောက်လက်မ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

## ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီးနှစ်ဦး သေဆုံးကာ ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများသွားလာရာ လမ်းတံတားများ၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာမှနေ၍ အမြင့် မီတာ ၅၀၀ ခန့်မှ Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း Drop Bomb တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်အား ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bombများ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ


နေပြည်တော် ဒီဇင်ဘာ ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kaung Kaung Kaung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥသျှစ်ကုန်းကျေးရွာနေ ကောင်းမြတ်သူအား ညနေ ၅ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ "Mya Thidar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၁)ရပ်ကွက်နေ မြသီတာအား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




## မွန်ပြည်နယ် သထုံမြို့နယ် ကျုံမှိန်ကျေးရွာသို့ တပ်မတော်ကလက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့ကြောင်း သတင်းတု သတင်းအမှား ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်ရှိ နယ်မြေခံတပ်က ဒီဇင်ဘာ ၁၉ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပြည်သူများနေထိုင်သော ကျေးရွာများသို့ ပစ်ခတ်ခဲ့မှုကြောင့် ကျုံမှိန်ကျေးရွာသို့ကျရောက်ပြီး အသက် ၂၆ နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့ကြောင်း သတင်းတု သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံများ၏ ပြောကြားချက်များအရ ဒီဇင်ဘာ ၁၉ ရက်တွင် တပ်မတော်က မည်သည့်ပစ်ခတ်မှုမှမရှိခဲ့ဘဲ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးပစ်ခတ်မှုများရှိခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ပြည်သူများ နေထိုင်သော ကျေးရွာများသို့ မည်သည့်အခါမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က တပ်မတော်သားများနှင့် ဒေသခံတိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာရှိ နေအိမ်များကို ဝင်ရောက်မွှေနှောက်၍ တန်းဖိုးရှိပစ္စည်းများ အတင်းအဓမ္မရယူခဲ့သော စစ်ကြောင်းအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတု သတင်းမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာအတွင်းရှိ နေအိမ်များကို ဒီဇင်ဘာ ၁၇ ရက်က ဝင်ရောက်မွှေနှောက်၍ တန်းဖိုးရှိပစ္စည်းများ အတင်းအဓမ္မရယူခဲ့သော စစ်ကြောင်းအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ဟု ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Than Lwin Times မှ မဟုတ်မမှန် ကောလာဟလသတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

### သတင်းအမှားသာဖြစ်

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၇ ရက်တွင် တပ်မတော်က သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် မိုင်းဆွဲတိုက်ခိုက်ခံရသည်ဆိုသည်မှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန် အတွက် သတင်းတု သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၅ ဒသမ ၈၄၂၈ တန်၊ သစ်မာ ၁၂ ဒသမ ၂၉၇၄ တန်၊ အခြား ၃၄၈ ဒသမ ၁၆၁၈ တန် စုစုပေါင်း ၃၈၆ ဒသမ ၃၀၂၀ တန်၊ ယာဉ်/ ယန္တရား ခုနစ်စီး၊ ပြစ်မှုကျူးလွန်သူ ၁၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်



# အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ထားဝယ် ဒီဇင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့အကြား မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ လေ့လာဆန်းစစ်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ Feasibility Study (F.S) (MoU) လက်မှတ်ရေးထိုးချုပ်ဆိုမည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည့်အခြေအနေ တိုးတက်




ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ချောထုတ်လုပ်ရန် နိုင်ငံတကာလုပ်ငန်းများမှ နည်းပညာနှင့် အရင်းအနှီးများ ဝင်ရောက်လာမည်ဖြစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် နိုင်ငံခြားဝင်ငွေနှင့် အခွန်အခများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့အကြား မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ လေ့လာဆန်းစစ်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ မြေအောက်ရေ အခြေအနေပြ ဘူမိဗေဒမြေပုံကို ကုမ္ပဏီတစ်ခုက ရေးဆွဲနေပြီး မျိုးဆက်သစ်များသို့ မျှဝေပေးရန် စီစဉ်နေ


ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ၏ မြေအောက်ရေ အခြေအနေပြ ဘူမိဗေဒ မြေပုံကို ကုမ္ပဏီ တစ်ခုက ရေးဆွဲနေပြီး မျိုးဆက်သစ်များသို့ ပြန်လည်မျှဝေပေးရန် စီစဉ်နေကြောင်း အဆိုမြေပုံကို ပြုစုနေသည့် မြန်မာဘူမိနည်းပညာတိုင်းတာရေးအုပ်စုကုမ္ပဏီ (MGS Group) တည်ထောင်သူ ဦးအောင်မင်းသိန်းက ပြောသည်။

အဆိုပါ မြေပုံကို ပြုစုနေရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက မြို့နယ်၊ ကျေးရွာ အသီးသီးသို့ ဘူမိရူပဗေဒနည်းပညာဖြင့် မြေအောက်ရေသုတေသနပြု ဆောင်ရွက်ပြီးချိန်တိုင်း မှတ်တမ်းပြုစု၍ ဒေသတစ်ခု၏ မြေအောက်ရေစုအိုင်၊ ရေကြောစီးကြောင်းများ၊ အနက်ပေများ၊ ထုထည်များ၊ မြေလွှာစဉ် ကျောက်လွှာစဉ် မှတ်တမ်းများ ပြုစုရေးဆွဲထားပြီး Geophysics အချက်အလက်၊ Geology အချက်အလက်များ ပေါင်းစပ်၍ GIS Mapping များဖြင့် မှတ်တမ်းယူကာ MGS Group မှ ပညာရှင်များက ပြုစုဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်နေတာက မပြီးသေးပါဘူး။ တချို့တစ်ဝက်မှာပဲ မှတ်တမ်းတွေယူနိုင်တာပဲ ရှိသေးတယ်။ ဒီနှစ်အတွင်းကို ၅၅ ရာခိုင်နှုန်းလောက် ပြီးစီးနိုင်ပါတယ်။ စီးပွားရေးအရ ဆောင်ရွက်မယ့်ဟာဆို မပေးဘူး။ မြေအောက်ရေအတွက်ကို တက္ကသိုလ်က ကျောင်းသားတွေ၊ ဆရာဆရာမတွေက ပြီးပြီးသား အပိုင်းကနေ မျှဝေပေးပါဆိုလို့ပေးရတယ်။ စီးပွားရေးအရ သုံးစွဲမှာဆို ခွင့်မပြုပါဘူး။ ဒီဟာတွေကို ဘယ်မှာပေးမှာလဲဆို နည်းပညာတက္ကသိုလ်တွေ၊ စိုက်ပျိုးရေးတက္ကသိုလ်တွေ စသည်ဖြင့် ကျွန်တော်တို့ နိုင်ငံက တက္ကသိုလ်တွေကို မျှဝေပေးသွားမှာပါ"ဟု ဦးအောင်မင်းသိန်းက ပြောသည်။

မြေအောက်ရေ ခက်ခဲသော ဒေသများတွင် ယခင်က စက်ရေတွင်းတူးရာတွင် မြေလွှာနှင့် ရေထုထည်ကို မသိသောကြောင့် သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်သည့်အခါ အခက်အခဲများ တွေ့ရပြီး အားသာချက် များစွာရှိသည့် စနစ်သစ်ကို အသုံးပြုကာ အများပြည်သူ အကျိုးရှိစေရန်အတွက် ဆောင်ရွက်




ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့သုံးနေတဲ့စနစ်တွေက မြေအောက်မှာ ရှိတဲ့ ရေရဲ့ ထုထည်ကို သိရတယ်။ စီးကြောင်းလား၊ စုအိုင်လား။ နောက်ပြီး ရေတွင်းတူးမယ့်သူရဲ့ ရေသုံးစွဲလိုမှုပေါ့။ စီးပွားရေးအတွက်လား၊ စိုက်ပျိုးရေး အတွက်လား လုံလောက်မှုရှိမလား။ ဒီအတွက် ကိုယ့်ပတ်ဝန်းကျင်က မြေအောက်ရေကို ဖော်ပြပေးတယ်။ ပြီးရင် ငါးလွှာရှိတယ်ဆို ရေသုံးစွဲမှု အပေါ်မူတည်ပြီး မလိုအပ်ရင် အောက်ကနှစ်လွှာကို မထုတ်ခိုင်းဘူး။ သုံးလွှာနဲ့ လုံလောက်တယ်ဆို သုံးလွှာအတွက်ပဲ အကြံပြုတာပါ။ မြေအောက်ရေက ပြန်ဖြည့်တာရှိလို့ပါ"ဟု ဦးအောင်မင်းသိန်းက ပြောသည်။

**ထက်ဦးမောင်**

**ဓာတ်ပုံ – MGS Group**

# " ဟာသမြို့တော် " ရယ်စရာ တစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀** မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ




"ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုပတ်တွင် "ရှုပ်ထွေးပွေလီ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဦးရာကျော်၊ ဦးတိမ်ညွန့်၊ မတူး၊ ကြယ်စင်လင်းနှင့် ဟာသပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ဒီဇင်ဘာ ၂၃ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❍ နယူးကာဆယ်မှ**

အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းက ဝီလ်ဆင်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းကတော့ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီးနာကျင်အချိန်ပို နှစ်မိနစ်အရောက်မှာ မူဒရစ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့လို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူရာမှာတော့ ချယ်လ်ဆီးအသင်းက နယူးကာဆယ်အသင်းအား လေးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ နယူးကာဆယ်အသင်းအတွက် သွင်း ဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဝီလ်ဆင်ကတော့ အခုဘောလုံးရာသီရဲ့ ပြိုင်ပွဲစုံ သွင်းဂိုးရှစ်ဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

အခြားသော အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာတော့ အဲဗာတန်အသင်းက ဖူလ်ဟမ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်မှာ ခုနစ်ဂိုး–ခြောက်ဂိုးနဲ့ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး မစ်ဒယ်ဘရော့အသင်းကတော့ ပေါ့ဗေးလ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိ ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

**❖ MFF မှ**

YRG အသင်းသည် သရေကျရှုံးဖြင့် ချန်ပီယံဖြစ်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

Divine အသင်းနှင့် YRG အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိသော YRG အသင်းဆုနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆုရရှိသော YRG FC အသင်းမှ ချောစန္ဒီအောင်အား ဆုနှင့် ဆုကြေးကျပ် နှစ်သိန်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုရရှိသော Divine FC အသင်းမှ အေးအေးထွေးကို ဆုနှင့် ဆုကြေးကျပ် နှစ်သိန်း၊ တတိယဆုရရှိသော ရန်ကုန်လူငယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသော YRG အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၅ သိန်း၊ ပထမဆု ရရှိခဲ့သော Divine အသင်းအား တစ်ဦးချင်းဆုနှင့် ဆုကြေးကျပ် ၂၅ သိန်း၊ ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – MFF**

**❒ ကျောဖုံးမှ**

ရန်ကုန်ဂလက်စီအသင်းက Takeo Strike အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပြိုင်ပွဲ တတိယနေ့ကို ဒီဇင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် TKG Hmawbi အသင်းနှင့် Rangers အသင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် Burmese Bees အသင်းနှင့် Rainbow အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MNL**

■

# မိုးညိုမြို့နယ် ဝဲကြီးကျေးရွာ၌ ပဲငပိစိုက်တောင်သူများ ဈေးကောင်းရနေ

မိုးညို ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)မိုးညိုမြို့နယ် ဝဲကြီးကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိကြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိရာ စပါး၊ ပဲငပိ၊ ပဲကြီး၊ ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊ ငရုတ်၊ ခရမ်းချဉ်သီး၊ ပြောင်း၊ နှမ်း၊ ပဲထောပတ်နီ၊ ပဲထောပတ်ဖြူ စသည့်သီးနှံများကို ရာသီအလိုက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ပဲငပိစိုက်တောင်သူ ၂၀ ခန့်ရှိပြီး စိုက်ဧကမှာ ၂၅ ဧကကျော်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ယခင်နှစ်ကထွက်ရှိသော ပဲငပိအပင်မှ ပဲအတောင့်စေ့ကို မျိုးအဖြစ်ဖယ်ချန်၍ စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလတွင် မျိုးစေ့ကို ကြဲပက်စနစ်ဖြင့် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းကြောင်း၊ တစ်ဧကလျှင် မျိုး ၂၂ ပြည်နီးပါး ကုန်ကျကြောင်း၊ မိုးကိုအမှီပြု၍ စိုက်ပျိုးရသောသီးနှံဖြစ်သောကြောင့် ရေသွင်းစရာမလိုကြောင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လုပ်အားခအပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ အထိ ကုန်ကျကြောင်း၊ ဒီဇင်ဘာလတွင် ပဲငပိစိုက်ခင်းများ စတင်ရိတ်သိမ်းလျက်ရှိပြီး အလုပ်သမားတစ်ဦးလျှင် လုပ်အားခအနေဖြင့် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ ပေးရကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် တစ်ဧကလျှင် တင်း ၂၀ မှ ၂၅ တင်းခန့် ထွက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (တတိယပတ်) တွင် ပဲငပိ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ အထိ ဈေးရရှိသောကြောင့် တစ်ဧက အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၉၀၀၀၀၀ ခန့်ရရှိပြီး ပဲငပိစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



သတင်းရင်းမြစ် - စီးပွား/ကူးသန်း

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ် ဒီဇင်ဘာ ၂၀

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ) ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၃၅၇ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၅ ဒသမ ၈၅၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၂၁၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒီဇင်ဘာ ၁၉ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး တန် ၈၀ (တန်ဖိုး သုည ဒသမ ၀၄၄ ဒေါ်လာသန်း)၊ ကြက်သွန်နီ ၁၅ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၁၃ သန်း)၊ Manganese Dioxide တန် ၂၄၀ (တန်ဖိုး သုည ဒသမ ၀၂၁ ဒေါ်လာသန်း)၊ ပလတ်စတစ် ဖြတ်စ ၁၀ တန် (တန်ဖိုး သုည ဒသမ ၀၀၄ ဒေါ်လာသန်း)နှင့် စက္ကူဖြတ်စ ၃၂ တန် (တန်ဖိုး သုည ဒသမ ၀၀၄ ဒေါ်လာသန်း) စုစုပေါင်း သုည ဒသမ ၀၈၆ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် ဒီဇင်ဘာ ၁၉ ရက်တွင် ငွေကျပ် တစ်သိန်းလျှင် ၁၀၁၀ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

■

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဒီဇင်ဘာ ၂၀

ကော့သောင်းကုန်သွယ်ရေး စခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသားစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ချိန် ၂၀၁၆ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၂ သန်း)နှင့် သွင်းကုန်တန်ချိန် ၁၄၀၊ ၃၂၇၆ စတုရန်းမီတာ (တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၉ သန်း) ဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၂ ဒသမ ၀၁၁ သန်းဖြစ်သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တန်ချိန် ၁၅၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၀၀၀)၊ စက်ကလပ်ငါး တန်ချိန် ၁၆ ဒသမ ၄၈၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၄၃၅ ဒသမ ၂၀)၊ တာတိုငါးတန်ချိန် ၃၈ ဒသမ ၂၅၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၁၉၅)၊ ပလာတူးခက်ငါးတန်ချိန် ၂၇၁ ဒသမ ၂၄၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၉၇၀၄ ဒသမ ၄၀)၊ ဘောင်းကြေးငါးတန်ချိန် ၃၈ ဒသမ ၀၈၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၂၇၂)၊ ငါးနီငယ်တန်ချိန် ၇၅ ဒသမ ၃၇၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁၃၉၉ ဒသမ ၆၀)၊ ငါးခွေးလျှာတန်ချိန် ၁၀ ဒသမ ၂၀၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄၂၄)၊ ငါးဝိုင်းတန်ချိန် ၁၄ ဒသမ ၉၆၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁၆၄ ဒသမ ၈၀)၊ ကုလားငူငါးတန်ချိန် ၄ ဒသမ ၃၈၅ (တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၆၂) နှင့် ပုစွန်တန်ချိန် ၃ ဒသမ ၁၂၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၂၂၄) တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဝေဖာမုန့် တန် ၂၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၀၀၀)၊ ပီလောပီနံမှုန့် တန် ၁၂၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၀၀၀)၊ ကြွေပြားအရေအတွက် ၃၂၇၆ စတုရန်းမီတာ (တန်ဖိုး အမေရိကန်ဒေါ်လာ ၉၀၀၀) ဖြစ်ကြောင်း သိရသည်။

# ကျောက်ဆည်ဒေသထွက် ပဲမြစ်များ အရောင်းအဝယ်ဖြစ်လျက်ရှိ

ကျောက်ဆည် ဒီဇင်ဘာ ၂၀

ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးလက်ဒေသများတွင် ရာသီချိန်သီးနှံအဖြစ် ပဲမြစ်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ကျေးရွာများရှိ တောင်သူများသည် ပဲမြစ်ကို နှစ်စဉ်စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်မှ စိုက်ပျိုးထွက်ရှိလာသော ပဲမြစ်များသည် အခြားဒေသမှ ထွက်ရှိသော ပဲမြစ်များထက် အရွယ်အစားသေးငယ်ပြီး အရသာမှာစိမ့်ပြီး စေးပိုင်နေသောကြောင့် ဆောင်းရာသီ ပဲမြစ်ပေါ်ချိန်တွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ဒေသထွက် ပဲမြစ်များမှာ လူသိထင်ရှားပြီး စားသုံးသူအဝယ်များကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ထွက်ရှိလာသောပဲမြစ်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အနယ်နယ်အရပ်ရပ်ရှိ မြို့ကြီးများသို့ ရောင်းချလျက်ရှိကြောင်း၊ ပဲမြစ်ကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုး၍ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် တူးဖော်ရောင်းချလျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ပေါင်းများပြုလုပ်၍ အစေ့ချစိုက်ပျိုးပြီး မျိုးအနေဖြင့် တစ်ဧကလျှင် နှစ်တင်းခွဲနှုန်း အသုံးပြုကြောင်း၊ ပဲမြစ်မျိုးကို မလှိုင်မျိုးနှင့် ဝက်ဝံမျိုးများကို အများဆုံး စိုက်ပျိုးပြီး တစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀၀ ရှိကြောင်း၊ တစ်ဧက



ကုန်ကျစရိတ်မှာ ငွေကျပ် ၁၅၀၀၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှပိဿာ ၈၀၀-၉၀၀ ပိဿာခန့် ထွက်ရှိပြီး ပဲမြစ်စတင်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ၆၀၀၀ ရှိပြီး ယခုအချိန် ပဲမြစ်များ လှိုင်လှိုင်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀-၃၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၈၅၀၀၀၀-၉၀၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း ပဲမြစ်စိုက်ပျိုးသူတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

## ၂၀.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၁၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၆၅၀ | ၁၄၅၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၅၀ | ၁၃၀၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၃၀၀၀ | ၄၈၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၄၅၀၀ | ၂၇၅၀ | ၇၀၀၀ | ၂၀၀၀၀ | ၅၄၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၂၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၂၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၈၀၀ | ၇၃၀၀ | ၂၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၁၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၆၅၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၀-၁၂-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၇၄၅။ | ဦးတိုးလွင်နှင့်ဇနီး ဒေါ်ကြည်ကြည်လွင်၊ (သမီး)မအိမေဖြိုးခင်၊ မောင်သော်ဇင်ထွေး နှင့်ဇနီး မကုခြေခင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၇၄၆။ | ဦးအောင်တင်ဝင်းနှင့်ဇနီး ဒေါ်ညိုညိုလွင်၊ (သား)မောင်ဘိုဘိုမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၇၄၇။ | ဦးသန်းမြင့်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၇၄၈။ | ဦးသောင်းဟန်မိသားစုကောင်းမှု | ၄၁၇၆၀၀ |
| ၇၇၄၉။ | ဒေါ်ကြင်မိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၇၇၅၀။ | ကျေးဇူးရှင်မိဘနှစ်ပါး၊ ညီမငယ်များနှင့် မောင်ငယ်တို့အား ရည်စူး၍ ဒေါ်တင်အေးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၇၅၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးစိုးအောင်နှင့်ဇနီး ဒေါ်စိုးစိုးကိုမိသားစုကောင်းမှု | ၂၅၀၀၀၀ |
| ၇၇၅၂။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်မတီ(ခ)ဒေါ်ခင်သန်းအား ရည်စူး၍ ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်ခင်နှောင်းမူ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၅၃။ | ကွယ်လွန်သူဦးညိုမင်းဦးအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၅၄။ | ဒေါ်အေးအေးရီမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၅၅။ | ကွယ်လွန်သူမိခင်ကြီးဒေါ်လေးမြင့်အားရည်စူး၍ မောင်နှမတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၅၆။ | အဘိုးအားအမှူးထား၍ ဒေါက်တာခင်နိုင်ဦး မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၅၇။ | ကွယ်လွန်သူ ဆရာမဒေါ်ခင်စန်းဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၇၅၈။ | လင်းရောင်ခြည်ကျောင်းဆရာတော်နှင့် သောဘဏဏရီအသင်းကောင်းမှု | ၁၁၀၀၀၀ |
| ၇၇၅၉။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဇော်မြင့်နှင့်ဇနီး ဒေါ်နန်းသန်းရီ၊ (မြေး)မချြုသဒ္ဒါသင်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၇၆၀။ | ဦးကုသလာစာရမဏ္ဍိုမာရုမ်ကျောင်းတိုက်ဆရာတော် ဒါယကာ၊ ဒါယိကာမများကောင်းမှု | ၁၁၀၀၀၀ |
| ၇၇၆၁။ | နှစ်ဖက်မိဘများအမှူးထား၍ ဗိုလ်ကြီးဝေထွန်းနှင့်ဇနီး မနဒီမေထွန်း၊ (သား)မောင်ဥက္ကာလင်းထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၂။ | ဦးသီဟဝင်းနှင့်ဇနီး ဒေါ်ဇင်မာခိုင်၊ (သား)မောင်စွမ်းရည်ထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၃။ | ဦးမောင်လှိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ (သမီး)အေးအေးမျိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၄။ | ကွယ်လွန်သူ နှစ်ဖက်မိဘ၊အစ်ကို၊ ညီမများနှင့် (သမီး)မနှင်းဝတ်ရည်ထွန်းအားရည်စူး၍ ကျေးဇူးရှင် ဦးဌေးလွင်၊ ဒုတိယအရာခံဗိုလ်ရဲထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၅။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်သန်းသန်းယဉ်၊ (သား)မောင်ဟိန်းထက်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၆။ | ဦးကိုကိုကျော်နှင့်ဇနီး ဒေါ်ယုနန္ဒာကျော်၊ (သမီး)မနေဝတီလွင်(မွေးနေ့အလှူ) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၇။ | ဦးရဲထက်အောင်နှင့်ဇနီး ဒေါ်စုဝေလှိုင်၊ (သမီး)မသွန်းသော်တာထက်၊ (သား)မောင်မြတ်ဖုန်းသုတ (မွေးနေ့အလှူ)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၈။ | ဦးကျော်ဟန်နှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၆၉။ | နှစ်ဖက်မိဘများအမှူးထား၍ ဦးမောင်စန်းနှင့်ဇနီး ဒေါ်တင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၀။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်စောနိုင်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၁။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်သိန်းသိန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၂။ | ကွယ်လွန်သူဗိုလ်ကြီးမင်းခန့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၃။ | ဦးအောင်မြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၄။ | ဒေါ်ငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၅။ | အင်းစိန်တောရတပ်ဦးကျောင်းတိုက်၊ အောင်ဆန်းဆရာတော်နှင့် တပည့်သံဃာများကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၆။ | ဦးအေးထီခိုင်နှင့်ဇနီး ဒေါ်ခင်ချိုဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၇။ | ဦးမွေးနှင့်ဇနီး ဒေါ်လုံမမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၈။ | ဦးထွန်းရွှေအားရည်စူး၍ ဒေါ်နီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၇၉။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၈၀။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်မြတ်ထင်၊ (သမီး)မစုမွန်အောင်၊ မောင်ဝေဖြိုးအောင်၊ မောင်ပြည်မိုးအောင်၊ မထက်ထက်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၈၁။ | ဦးသက်လွင်နှင့်ဇနီး ဒေါ်သန္တာစိုး၊ (သမီး)မဆုသွန်းအိမ်စည်၊ မသက်မှူးအိမ်စည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၇၈၂။ | ဦးဝမ်းတင်နှင့်ဇနီး ဒေါ်နွဲ့ယဉ်ဟန်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၇၈၃။ | ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဇနီး ဒေါ်ဆွေမာတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၈၄။ | ဗိုလ်ကြီးလွန်းမောင်(ခ)ဦးခင်မောင်လွင်(ငြိမ်း) (တပ်မတော်(လေ))နှင့်ဇနီး (ဒေါ်လှမြင့်)၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၇၈၅။ | ဒေါ်ခင်ခင်လေးမောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၇၈၆။ | ကိုသူရိန်နှင့်ဇနီး မနန်းဖြူဖြူစင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၈၇။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ သမီးဒေါ်ခင်စန်းဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၈၈။ | ဦးဝင်းမင်းတိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၈၉။ | မိဘနှစ်ပါးအားအမှူးထား၍ ဦးအောင်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၉၀။ | ကွယ်လွန်သူဦးဟန်စိန်အားရည်စူး၍ ဦးအောင်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၉၁။ | ကွယ်လွန်သူ အဘိုး၊ အဘွား၊ မိဘ၊ ဆွေမျိုးများနှင့် ဇနီးဒေါ်မာမာညွန့်၊ (သား)ဗိုလ်ဇာနည်တို့အားရည်စူး၍ ဦးမျိုးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၉၂။ | ဦးစိုးမိုးအောင်နှင့်ဇနီး ဒေါ်စဝ်သူဇာကြည်၊ (သား)မောင်ရာဇာမိုး၊ မောင်ခန့်ကျော်ဇမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၇၉၃။ | ဦးအလောကနှင့်တီဂျစ်နန့်တိုင်းဘုရားဖူးအဖွဲ့ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကစ္စနား ဗဟာဒူး [၁/မကန(နိုင်)၂၃၇၆၉၈] ၏ပတ်စ်ပို့နံပါတ်(ME-518853) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၃၈၄၂၈၅**

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်အမီကာ [၁/ဝမန (နိုင်) ၀၃၀၅၇၃] ၏ ပတ်စ်ပို့နံပါတ် (MF-135650) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၅၁၀၀၈**

### မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ မခန္တီးကျေးရွာ၊ အလက(ခွဲ)၊ မခန္တီး၊ စတုတ္ထတန်းမှ မောင်ဘီစနူးနှင့် ဒုတိယတန်းမှ မစီမားတို့၏ မိဘအမည်မှန်မှာ ဦးဘီးလ် ဗဟာဒူးနှင့် ဒေါ်ဒန်းမာယာ [၁/ဝမန(နိုင်)၀၅၃၄၁၆]ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ-၃၀၆၇၀)၊ ဒေါ်နန်းခမ်းယုန်း(ဘ)ဦးဆန်းထွန်း[၁၃/ကဟန(နိုင်)၀၀၀၇၀၁] အမည်ပေါက်မြေကွက်အား ဒေါ်နန်းခမ်းယုန်းထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၄၀၄၆/၂၀၂၃)(၁၀-၁၁-၂၀၂၃)ရရှိထားသူ ဦးဝင်းညွန့်(ဘ)ဦးလှသိန်း[၉/မလန(နိုင်)၀၅၈၄၂၀]မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်(မိတ္တူမှန်) လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန်ကိုလျှောက်ထားသူ ဦးဝင်းညွန့်အား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၅)လမ်း၊ အမှတ်- ၄၈၉/ခ၊ ဒုတိယထပ်(၃)လွှာဟုခေါ်တွင်သော တစ်ခန်းတွဲ(၆)ထပ်၊ အကျယ်အ၀န်း (၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာ ဦးအောင်မြတ်သက် [၁၂/စခန(နိုင်)၀၁၅၂၇၂]ထံမှ ကြိုပွဲငွေစနစ်ဖြင့် ၀ယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုသူ ဒေါ်မြတ်ကေခိုင်စိုး[၁၂/ဥကတ(နိုင်) ၁၄၈၆၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူ၀င်း (LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၁၀၂၇၄/၀၉)**
**အမှတ်-၉၊ ၁၅၇လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၇၁၈၈၈၈၉၆**

## အများသိစေရန် ၀န်ခံတောင်းပန်ကြေညာခြင်း

ဒေါ်ခိုင်ခိုင်လွင် [၁၂/ဥကမ(နိုင်)၂၆၀၅၅၅]နှင့် ဒေါ်ထားထားနွယ် [၈/စလန(နိုင်)၁၇၅၄၅၉]တို့သည် AYE CHAN MYAY Co.,Ltd ၌ ၀န်ထမ်းအဖြစ်လုပ်ကိုင်နေစဉ် ကုမ္ပဏီမှ အကျိုးဆောင်ပေးခဲ့သော မြေကွက်အား ဂရန်အမည်ပြောင်းဆောင်ရွက်ရန် ကုမ္ပဏီအား အသိမပေးခြင်း၊ ကုမ္ပဏီ၏ခွင့်ပြုချက်မရှိဘဲ မိမိတို့သဘောဖြင့် အလုပ်လက်ခံခဲ့ပါသည်။ အလုပ်လက်ခံရာတွင် မိမိတို့သဘောဖြင့် AYE CHAN MYAY Co.,Ltd၏နာမည်အားအသုံးချပြီး Company Letter head ကို အသုံးပြု၍ ငွေလက်ခံခဲ့ပါသည်။ ထို့နောက်ပိုင်း လုပ်ငန်းအပ်နှံသူအား အစိုးရအခွန်နှုန်းထားများပြောင်းလဲကြောင်းပြောဆိုခဲ့ရာ ၎င်းမှ အခွန်နှုန်းပြောင်းလဲလျှင် ဆက်လက်မလုပ်ဆောင်တော့ကြောင်း နှစ်ဖက်ညှိနှိုင်းပြီး ငွေများပြန်လည်ပေးအပ်ပြီး ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါကိစ္စများမှာ AYE CHAN MYAY Co.,Ltdနှင့် လုံး၀ပတ်သက်သက်ဆိုင်ခြင်းမရှိပါ။ ကုမ္ပဏီနာမည်အား အသုံးချခြင်း၊ Company Letter head အား ခွင့်ပြုချက်မယူဘဲ အလွဲသုံးစားပြုမိခဲ့သဖြင့် AYE CHAN MYAY Co.,Ltd၏ MD ဒေါ်အိသက်ထားဖြူနှင့် AYE CHAN MYAY Co.,Ltdအား ကျေနပ်ပေးပါရန် ကျွန်မတို့(၂)ဦးမှ အနူးအညွတ် ၀န်ခံတောင်းပန်အပ်ပါသည်။

| | |
|---|---|
| **ဒေါ်ခိုင်ခိုင်လွင်** | **ဒေါ်ထားထားနွယ်** |
| **[၁၂/ဥကမ(နိုင်)၂၆၀၅၅၅]** | **[၈/စလန(နိုင်)၁၇၅၄၅၉]** |
| **အမှတ်(၆၆၀)၊ ပြည်သာယာ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်(၈၅)၊ (၅)လွှာ၊ ဗိုလ်မှူးအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။** |

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၄(စီ)၊ မြေကွက်အမှတ်-၁၆(ဒီ)/ ဂ^၃၊ ဂ^၄၊ ဂ^၅၊ ဂ^၆ ဧရိယာ(၁.၅၄၂)ဧက နှင့်ပတ်သက်၍ လက်ရှိ အဆောက်အဦ၊ အိမ်၊ တဲ ဆောက်လုပ်နေထိုင်ကြသူများနှင့် သက်ဆိုင်သူ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်-၈ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၂၂၆၊ ၆လွှာ(အေ)တွင် နေထိုင်သူ ဦးတင်၀င်း(ဘ)ဦးခင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၄(စီ)၊ မြေကွက်အမှတ်-၁၆(ဒီ)/ ဂ^၃၊ ဂ^၄၊ ဂ^၅၊ ဂ^၆၊ဧရိယာ(၁.၅၄၂)ဧက မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်၀င်း၏ဖခင် ဦးခင်မောင်+၁ အမည်ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာချုပ်အမှတ်-၁၂၂၆/၁၉၉၉ ခုနှစ်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှ ယနေ့အချိန်အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဦးခင်မောင်+၁ အမည်ဖြင့် မှတ်သားထားရှိ အမည်ပေါက်နေပါသည်။

(၂) သို့ဖြစ်ပါ၍ အထက်ရည်ညွှန်းအတိုင်းအတာ ဖော်ပြလိပ်စာပါ မြေကွက်ပေါ်တွင် ယခုလက်ရှိ အဆောက်အဦ၊ အိမ်၊ တဲဆောက်လုပ်နေထိုင်ကြသူများသည် ယခုလက်ရှိတရား၀င်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်မောင်+၁ ၏သားဖြစ်သည့် ဦးတင်၀င်းမှ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေအရလည်းကောင်း၊ ၁၈၂၄ ခုနှစ်၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရလည်းကောင်း၊ ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရလည်းကောင်း၊ တရား၀င်ရောင်း၀ယ်၊ ငှားရမ်းလွှဲပြောင်းထားခဲ့ခြင်းမဟုတ်ဘဲ အဆောက်အဦ၊ အိမ်၊ တဲ ဆောက်လုပ်နေထိုင်ကြသူများဖြစ်သည့်အတွက် လက်ရှိအဆောက်အဦ၊ အိမ်၊ တဲဆောက်လုပ်နေထိုင်ကြသူများအနေဖြင့် မိမိတို့၏ အဆောက်အဦ၊ အိမ်၊ တဲတို့နှင့်ပတ်သက်၍ တရား၀င်ပိုင်ရေးပိုင်ခွင့်ကို ဥပဒေနှင့်အညီ အပြည့်အ၀ပိုင်ဆိုင်ခံစားရရှိစေရန်အတွက် ဤကြေညာချက်အား နေ့စဉ်ထုတ် သတင်းစာများမှ ကြေညာဖော်ပြပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဦးတင်၀င်းနှင့်ဖြစ်စေ၊ ကျွန်ုပ်နှင့်ဖြစ်စေ လာရောက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပါရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။

(၃) ကျွန်ုပ်တို့မှခွင့်ပြုထားသည့် ရက်ပေါင်း(၃၀)အတွင်း လာရောက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း မပြုလုပ်ပါကတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွဲ့သွဲ့လေး (LL.B)**
**အထက်တန်းရှေ့နေ(စဥ်- ၁၂၈၇၅/၉-၄-၁၉၈၆)**
**၁၇/၂၁၊ ၃၅လမ်း(အောက်)ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉-၉၆၆၈၆၈၃၉၈၊ ၀၉-၇၅၁၆၄၉၆၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၂၊ မြေကွက်အမှတ် - (၄)၊ ဧရိယာ ၀.၂၃၃ ဧကရှိ နှစ်(၉၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရား၀င် အမည်ပေါက်ပိုင်ဆိုင်၍ လက်၀ယ်ရှိသူဖြစ်ပြီး မည်သူ့ကိုမဆို မိမိတစ်ဦးတည်းဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၀န်ခံသူ ဦး၀င်းဇော်ဦး [၁၂/စခန (နိုင်)၀၆၀၀၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအ၀ယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအ၀ယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်၀င်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ နှင်းပန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၆၊ မြေကွက်အမှတ်-၁၆၂၀+၁၆၂၂၊ အကျယ်အ၀န်း-(၆၀ပေx၅၀ပေ)ရှိ ဦးမင်းသန်း(EMGI-၁၀၄၂၀၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အား အမည်ပေါက်ထံပိုင်ဆိုင်သူ **ဦးမင်းသန်း(EMGI-၁၀၄၂၀၄)**ထံမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ချို (LL.B,D.B.L)** | **ဒေါ်သီတာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)** |

**ဖုန်း-၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၅၅၀/ခ)၊ (ပေ၂၀xပေ၆၀)ရှိ မြေကွက်အနက်မှ (၁၀ပေx၆၀ပေ)တစ်ထပ်အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလမြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးထွန်းအောင်(KPG-166263)ဖြစ်ပြီး ဆက်စပ်၀ယ်ယူပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟ၀န်ခံကတိပြုသူ ဦးလှဖုန်း [၁၂/ဥကမ(နိုင်)၀၇၉၃၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၀ယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဌေးဌေး၀င်း (LL.B, D.B.L, B.A.S)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၉၃)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ Strand-Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၇၂၄၄၃၅၊ ၀၉-၇၉၂၄၄၀၇၇၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၇

| | | |
|---|---|---|
| Asia Concrete Porducts Co.,Ltd (၎င်း၏ကိုယ်စားတာ၀န်ပေးခြင်းခံရသူ ဒေါ်ခိုင်ခိုင်) | နှင့် | ၁။ ဦးမြင့်အောင် (Myat Pan Wah Co.,Ltd)<br>၂။ ဒေါ်အိသန္တာကျော်<br>၃။ ကိုစော |
| **(တရားလို)** | | **(တရားပြိုင်များ)** |

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ရာဇဌာနေလမ်း၊ အမှတ်(၁၂၁၅)နေ (၁)တရားပြိုင်ဦးမြင့်အောင် **(Myat Pan Wah Co.,Ltd)** (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **“(၂၅-၈-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူ ဘိလပ်မြေအရောင်းအ၀ယ်ကတိစာချုပ်အရ ဘိလပ်မြေအိတ်(၄၀၀၀၀)အတွက် တရားပြိုင်များရယူသွားခဲ့သော ငွေကျပ်(၉၃၆၀၀၀၀၀/-)(ကိုးရာသုံးဆယ့်ခြောက်သိန်း)နှင့် နစ်နာကြေးငွေကျပ်(၉၃၆၀၀၀၀၀/-)(ကိုးရာသုံးဆယ့်ခြောက်သိန်း)၊ စုစုပေါင်းငွေကျပ် ၁၈၇၂၀၀၀၀၀/-(တစ်ထောင်ရှစ်ရာခုနစ်ဆယ့်နှစ်သိန်းတိတိ) ကို တရားလိုအား လက်ရောက် ပြန်လည်ပေးအပ်စေလိုမှု”**ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇန်န၀ါရီလ (၉)ရက် [၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ်(၁၃)ရက်နေ့] မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း )**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗမာအေး)၊ မြေကွက်အမှတ် (၂၂၁)၊ သမိန်ဗရမ်းလမ်း၊ အကျယ်အ၀န်း (၂၅ပေ x ၅၀ပေ)၊ ဧရိယာ (၁၂၅၀)ရှိ ဂရန်အမည်ပေါက် ဦးအောင်ပင်လယ်၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃½)ထပ်တိုက်မှ ဒုတိယထပ် (လက်ဝဲဘက်ခြမ်း)၊ ကန်ထရိုက်တာ ဦးတင်ဟန်ပိုင်ဆိုင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် တစ်ဦးတည်း၀ယ်ယူပိုင်ဆိုင်ထားပြီး တရား၀င်ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင် အရှုပ်အရှင်းကင်းရှင်းကြောင်း ၀န်ခံကတိပြုသူ ဒေါ်ဖြူဖွေးတင့် [၁၁/ကတန(နိုင်)၀၈၀၂၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၂-၁-၂၀၂၄)တွင် အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဆွေ (LL.B,LL.M,D.B.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၂၂)**
**အမှတ် (၂၃)၊ ၄-လွှာ/အေ၊ ပုသိမ်ညွန့်(၃)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၈၃၉၁၆၀၅၊ ၀၉-၄၂၀၀၉၈၉၃၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊မြေကွက်အမှတ်(၉၂၀)၊ အကျယ်အ၀န်း (အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဗိုလ်ကြီးသန်းလွင်ဦး(TGKN-003176)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၉၂၀)ဟုခေါ်တွင်သော အိမ်အပါအ၀င်အကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် တရား၀င်၀ယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းစိုး[၁၂/အစန(နိုင်)၁၀၅၃၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၀ယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့၀င်း(L.L.B) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph -၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးမင်းသိန်း [၈/ဆဖန(နိုင်)၀၆၃၇၈၀]၏ သင်္ဘောသားလုပ်သက်စာအုပ် ပသ-၀၁၂/၁၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-421110517**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇ-၃၂)၊ ဦးပိုင်အမှတ်(၇၄)၊ ၄၆ x ၄၇ လမ်းကြား၊ ခိုင်ရွှေ၀ါလမ်းနှင့် မနော်ဟရီလမ်းကြားရှိ ဦးမောင်မောင် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်(၁၅၀/၂၀၂၂)တွင် တရားရုံးမှ ချမှတ်ခဲ့သည့်အမိန့်နှင့် ဒီကရီအရ ဦးမောင်မောင်ထံမှ မှတ်ပုံတင် အရောင်းအ၀ယ်စာချုပ်အမှတ် (၁၈၉၃/၂၀၂၃)ဖြင့် ၀ယ်ယူခဲ့သူ ဒေါ်ကျောက်အိုင်မြင့်[၁၃/တယန(ဧည့်) ၀၀၀၀၂၃]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၆၀၆၈/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)၊ ဦးပိုင်အမှတ် ၅၃+၅၄ အတွင်းမှ ခဲစင်းပြ(၅၄)ခဲစင်း၊ ၄၂ x ၄၃ လမ်းကြား၊ ၅၂ x မန္တလေး-ပြင်ဦးလွင်ကားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၁၈၆၁/၂၀၂၃)ဖြင့် အမွေ ဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ကြူကြူ၀င်းထံမှ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အမှတ်(၃၁၄၄/၂၀၂၃)ဖြင့် ၀ယ်ယူခဲ့သူ ဒေါ်ခင်မြင့်[၁/မကတ(နိုင်)၀၀၈၀၅၀]က အမှုတွဲအမှတ် ၆၀၇၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၂၇)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း)(ဘယ်)၊ အကျယ်အ၀န်း(၁၁.၅ x ၄၈)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရား၀င်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်တင်တင်ခိုင်[၁၂/လမန(နိုင်)၀၁၂၀၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပိုင်အောင်[၁၄/ဒဒရ(နိုင်) ၁၅၄၇၉၇]က အပြီးအပိုင်၀ယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရား၀င်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်- 26-D1၊ မြေကွက်အမှတ်-V-၂၃၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်-(၁၁)၊ သိမ်ကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်တန်ကင်းချော(ခ)ဒေါ်ချော(ခ)ဒေါ်ကင်းချော(ISN-၀၆၈၉၂၉)အမည်ပေါက် နှစ်(၆၀)ဂရန်(သက်ကုန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက်မိခင် ဒေါ်တန်ကင်းချော(ခ)ဒေါ်ချော(ခ)ဒေါ်ကင်းချောသည် (၃၀-၉-၂၀၁၅)ရက်နေ့ကွယ်လွန်ကြောင်း၊ ဖခင်ဦးအိန်ချွန်းသည် (၁-၅-၁၉၅၀)ရက်နေ့ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့တွင် ကိတ္တိမမွေးစားသားသမီးမရှိဘဲ သားသမီးရင်းများဖြစ်သည့် ဒေါ်ရှုလျှုန်(ခ)ဒေါ်သင်းသင်းကြည်၊ ဒေါ်ခင်သန်းကြည်(ခ)ဒေါ်ရှုလွမ်၊ ကိုဟွီကီး(ခ)ဦးအောင်မြင့်၊ ကိုရှင်ကီး(ခ)ဒေါ်ရှုကြည်တို့(၄)ဦးကိုသာမွေးဖွားခဲ့ကြောင်း၊ (သမီးကြီး)ဒေါ်ရှုလျှုန်(ခ)ဒေါ်သင်းသင်းကြည်သည် အပျိုကြီးဘ၀ဖြင့် ကိတ္တိမမွေးစားသားသမီးမရှိဘဲ (၁၄-၁၁-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ (သမီးငယ်)ကိုရှင်ကီး (ခ)ဒေါ်ရှုကြည်သည် အပျိုကြီးဘ၀ဖြင့်ကိတ္တိမမွေးစားသားသမီးမရှိဘဲ (၁၀-၁-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ (သား) ကိုဟွီကီး (ခ) ဦးအောင်မြင့်သည် (၂၆-၁၀-၂၀၂၀)ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ကြကြောင်း၊ ကွယ်လွန်သူအမည်ပေါက်၏ သမီးအပျိုကြီး(၂)ဦး ဒေါ်ရှုလျှုန်(ခ)ဒေါ်သင်းသင်းကြည် နှင့် ကိုရှင်ကီး(ခ)ဒေါ်ရှုကြည်တို့၏ အစုကို ကျန်ရစ်သူသမီး ဒေါ်ခင်သန်းကြည်(ခ)ဒေါ်ရှုလွမ်မှလည်းကောင်း၊ ကွယ်လွန်သူသား ကိုဟွီကီး(ခ)ဦးအောင်မြင့်၏ အစုကို ၎င်း၏တစ်ဦးတည်းသော ဇနီး ဒေါ်သဇင်(ခ)ဒေါ်သဇင်မြင့်(ခ)ဂူဂူမှလည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ဒေါ်ခင်သန်းကြည်(ခ)ဒေါ်ရှုလွမ် [၁၂/ကမတ(ဧည့်)၀၀၀၀၉၇]နှင့် ဒေါ်သဇင်(ခ) ဒေါ်သဇင်မြင့်(ခ)ဂူဂူ[၁၂/ကမတ(နိုင်)၀၁၈၈၆၆]တို့က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်-၁၃၅၄/၂၀၂၃(၂၆-၁-၂၀၂၃) နှင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်ခင်သန်းကြည် (ခ)ဒေါ်ရှုလွမ်၏ မိခင်အမည်အားတင်ပြသည့် ကျမ်းကျိန်လွှာအမှတ်- ၈၀၄/၂၀၂၃(၁၉-၆-၂၀၂၃)၊ ဦးအိန်ချွန်း၏ သေစာရင်းမှတ်တမ်းမှာ ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ (၁၃-၁-၂၀၂၃)ရက်နေ့စွဲ အကြောင်းပြန်ကြားစာအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြစာနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ပေးပို့စာ၊ ဒေါ်တန်ကင်းချော(ခ)မချော[၁၂/ကမတ(နိုင်)၀၅၅၂၂၀]၊KOSHIN KEE(ခ) ဒေါ်ရှုကြည် [၁၂/ကမတ(ဧည့်)၀၀၀၀၉၉]၊ ဦးအောင်မြင့်(ခ)KO HWEE KEE [၁၂/ကမတ(ဧည့်)၀၀၀၀၉၈]၊ ဒေါ်ရှုလျှုန် (ခ)ဒေါ်သင်းသင်းကြည်[၁၂/ကမတ(နိုင်)၀၅၅၂၂၁]တို့၏သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)မြေငှားဂရန်၊ ဒေါ်တန်ကင်းချော(ခ)ဒေါ်ချော(ခ)ဒေါ်ကင်းချော(ISN-၀၆၈၉၂၉)၊ နိုင်ငံသားအမှတ်-၁၁၇၂/၇၅မှ အမည်ပေါက်ခဲ့သည့် အရောင်းအ၀ယ်စာချုပ်အမှတ်- ၈၈၀/၁၉၇၇၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဒေါ်ခင်သန်းကြည်(ခ)ဒေါ်ရှုလွမ်နှင့် ဒေါ်သဇင်(ခ)ဒေါ်သဇင်မြင့်(ခ)ဂူဂူတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရား၀င်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၉/B၊ မြေကွက်အမှတ်– ၄၃၃၊ မြေကွက်တည်နေရာအမှတ်– ၄၃၃၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉/B ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးမြင့်ခင် (MYGN–၀၁၀၅၇၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်ခင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်အေး [၁၂/ပဘတ(နိုင်)၀၀၇၃၇၇]က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသောသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ၊ ဦးမြင့်ခင် သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "မေတ္တာဖြင့်အပိုင်ပေးကမ်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း"

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၂၉/ဒီ) နေ ဒေါ်သန်းကြည် [၆/ကသန(နိုင်)၀၀၃၂၉၃] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းကြည်ပိုင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၉/ဒီ) ဟုခေါ်တွင်သော (၇)ခန်းတွဲ (၃)ထပ်တိုက်အနက်မှ အခန်းအမှတ် (၄)၊ အကျယ်အဝန်း (၁၅x၄၅)ပေစီရှိ (မြေညီ+ပထမထပ်+ဒုတိယထပ်) တိုက်ခန်း(၃)ခန်းနှင့် ယင်းတိုက်ခန်းများတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၈–၁၂–၂၀၂၃)ရက်နေ့တွင် "အစ္စလာမ် တရားဥပဒေနှင့်အညီ မိမိပိုင်ဆိုင်သောတိုက်ခန်းအား (ဟီဘာ)လက်ရောက်ပေးကမ်းခြင်းကတိစာချုပ်"နှင့် (၁၈–၁၂–၂၀၂၃)ရက်စွဲပါ စာအမှတ်– ၀၃၄/၂၀၂၃/ကသ/အိုလမာ၊ အိုလမာ–အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ခွဲ ရှေ့မှောက်တွင် အတည်ပြုချက်အရ ဒေါ်သန်းကြည်မှ သမီးဖြစ်သူ မဖြူဖြူအောင် [၆/ကသန(နိုင်)၀၃၄၀၈၂]ထံသို့ လက်ရောက်အပိုင်ပေးကမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း** | **ဒေါ်နှင်းဝေလွင်** | **ဦးထွန်းသူအောင်** |
| **(LL.B)** | **(LL.B)** | **(LL.B)** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၄၃၀၅)** | **(စဉ်– ၅၅၇၆၄)** |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၈၈၆၀၅၊ ၀၉–၅၀၆၄၉၅၉**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အမှတ် ၃/၅ လွှာ/(A)၊ အောင်ချမ်းသာလမ်းနေ (ဦးနေလင်း)–ဒေါ်ခင်ကြူသိန်း [၁၂/သကတ(နိုင်)၀၄၂၈၄၈] တို့၏သား မောင်ဟိန်းထက်[၁၂/သလန(နိုင်)၁၁၆၈၃၉]သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသောကြောင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ဟိန်းထက်နှင့်ပတ်သက်သော ငွေရေးကြေးရေး၊ လူမှုရေး အရှုပ်အရှင်းများကို သူ၏မိခင်နှင့် ညီအစ်ကိုမောင်နှမများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ကြူသိန်း [၁၂/သကတ(နိုင်)၀၄၂၈၄၈]**
**ဒေါပုံမြို့နယ်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၆၁

ဦးခင်မောင်ဦး ---------------- လျှောက်ထားသူ

**ကွယ်လွန်သူ ဦးမူဟာမတ်အီဆုပ် ကျန်ရစ်ခဲ့သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်–၁၀၈ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမူဟာမတ်အီဆုပ်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးခင်မောင်ဦး (ကွယ်လွန်သူ ဦးမူဟာမတ်အီဆုပ်၏ သားအရင်းတော်စပ်သူ)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမူဟာမတ်အီဆုပ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးခင်မောင်ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ အမှတ် (၁)ရပ်ကွက်၊ သမာဓိလမ်းနေ ဦးစောသာချို [၁၄/အဂပ(နိုင်)၀၁၂၇၃၀] နှင့် နော်အေးလီဇဘက် [၁၄/အဂပ(နိုင်)၀၁၂၇၃၁] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သားဖြစ်သူ မောင်ဟိန်းထိုက်(ခ) ဇော်ဟိန်းထိုက် [၁၄/အဂပ(နိုင်)၁၇၃၉၉၇] သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူကြောင့် နေအိမ်မှ (၂၅–၁၀–၂၀၂၀) ရက်နေ့တွင် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်မွန်နှင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၅၉၆၆/၃–၉–၂၀၁၉)**
**တိုက်(၇)၊ အောင်မေတ္တာလမ်းမကြီး၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၄၁)၊ ဦးပိုင်အမှတ်–၅၃+၅၄ အတွင်းမှ ခဲစင်းပြ(၅၃)ခဲစင်း၊ ၄၂x၄၃ လမ်းကြား၊ ၅၂xမန္တလေး–ပြင်ဦးလွင်ကားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၈၆၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူဒေါ်ကြူကြူဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၁၄၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်ကြီး [၁/မကတ(နိုင်)၀၃၇၈၁၆]က အမှုတွဲအမှတ်–၆၀၇၈/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၂၆၃)၊ (ပေ ၄၀ x ပေ ၆၀) ရှိမြေကွက်အနက်မှ (၁၀ ပေ x ၆၀ ပေ) တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလမြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဒေါ်ကျင်နွဲ့ [၁၂/သခန(နိုင်)၀၈၄၀၃၁]ထံမှ ယခုရောင်းချသူ ဦးဖိုးဇော်[၁၂/ခရန(နိုင်)၀၆၄၈၈၅] က ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.B.L, B.A.S) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၉၃)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ Strand–Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၇၂၄၄၃၅၊ ၀၉–၇၉၂၄၄၀၇၇၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ ဟေမမာလာမြောက် ရပ်ကွက်၊ အကွက်အမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၁၇)၊ ၃၅x၃၆ လမ်း ကြား၊ ၇၇ နှင့် ၇၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်တင်မြ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၇၈၉/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးထွန်းဝင်း[၉/မရတ(နိုင်)၀၅၇၃၄၉] ၏ (GPရသူ ဒေါ်နွယ်နွယ်ဝေ)က အမှုတွဲအမှတ်–၆၀၇၃/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် (၇၂၂)၊ ဦးပိုင်အမှတ် (၆–က+၇–က)၊ ၇၅လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ(မိခင်) ဒေါ်ဝင်းကြူထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် (၃၈၆၉/၂၀၂၃)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ(သမီး)ဒေါ်စောကလျာဆွေ [၉/မရမ(နိုင်)၀၆၇၄၉၂] က အမှုတွဲအမှတ် –၀၆၆၂/ဘ(ပြောင်း)/၂၀၂၃–၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က–ရပ်ကွက်၊ အကွက်အမှတ် ယ–၃၊ ဦးပိုင်အမှတ်(၃)/၇၁ x ၇၂ လမ်းကြား၊ ၁၁၂ x ၁၁၃ လမ်းကြားရှိဒေါ်ခင်မိမိလတ်အမည်ပေါက် ဂရန်မြေကွက်အား ညီမ ဒေါ်ခင်မိမိလတ်(အပျိုဘဝ)၊ ခင်ပွန်း ဦးမောင်မောင်တို့ ကွယ်လွန်၍ ကျန်ရစ်သောဇနီး၊ ယောင်းမဖြစ်သူ ဒေါ်ကြည်ရင် [၉/အမရ(နိုင်)၀၀၇၂၀၄] က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဆိုင်ခန်းရောင်းမည်

ရန်ကုန်မြို့၊
လမ်းမတော်မြို့နယ်၊
မြေအောက်ထပ်၊
မော်တင်စျေး။
ဖုန်း–၀၉–၆၆၁၉၄၀၆၃၂

## သစ်ပင်စိုက်လျှင်
## တို့ဝန်းကျင်
## စိမ်းစိုလှပ
## ကြည်နူးရ၏

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်းမကြီး၊ (၅–လွှာ)၊ အမှတ်(၂၇၁)ဟုခေါ်တွင်သော (၁)ခန်းတည်း (၇)ထပ်တိုက်အနက်မှ (၅–လွှာ)၊ အကျယ်အဝန်း (၂၅x၇၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီး အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်အိသဉ္ဇာ [၁၀/ရမန(နိုင်)၁၅၈၂၁၁]**မှ အခန်းအမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးတင်စိုး [၁၂/တမန(နိုင်) ၁၀၄၃၉၃]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်နှင်းသီတာဖြိုး (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၂၀)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)** |

**အမှတ်–၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ဆရာဒွေးလမ်း၊ ဦးမျိုးဝင်း၊ ဒေါ်အောင်အေးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မြင့်ဦး [၇/ပတတ(နိုင်)၀၈၁၇၇၉] အမှတ်(၆၄၂/ခ)၊ စစ်ကိုင်း(၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေထိုင်သူမှ ဦးမျိုးဝင်း၊ ဒေါ်အောင်အေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မြင့်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြရိပ်ညို(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)၊ အမှတ်(၉၆၅+၉၆၈)၊ အကျယ်အဝန်းဧရိယာ (၀. ၀၆၅)ဧကပေါ်ရှိ အဆောက်အဦမှာ ဒေါ်သီရိစံ [၁/မကန(နိုင်)၁၉၃၆၄၀]အမည်ပေါက်နှင့် ဦးဇော်မြင့်ဦးမှ နှစ်(၆၀)မြေငှားဂရန် အိမ်ခြံမြေကွက်အား ဥပဒေအရ ယနေ့အချိန်ထိ ပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေပိုင် အိမ်ခြံမြေကွက်အား ဒေါ်သီရိစံ၏ခင်ပွန်းဖြစ်သူ ဦးဇော်မြင့်ဦးမှ ၂၀၁၆ ခုနှစ်တွင် လူကြီးမင်း ဦးမျိုးဝင်းထံသို့ ငွေကျပ်သိန်း ၁၀၀၀,၀၀,၀၀၀/–လျှင် ၁ကျပ်ခွဲနှုန်းဖြင့် သိန်း ၁၅၀၀,၀၀,၀၀၀/–ကျပ် ချေးငှားပြီး တစ်လလျှင် အတိုး (၂၂ သိန်း ၅ သောင်းကျပ်)ဖြင့် ၂၀၁၆ ခုနှစ်ကတည်းမှစ၍ ယနေ့ ၂၀၂၃ ခုနှစ်ထိ ပေးအပ်ပေါင်နှံခဲ့ခြင်းဖြစ်ပါသည်။

ဦးဇော်မြင့်ဦးမှာ ၎င်းပိုင်ဆိုင်သည့် အထက်ဖော်ပြပါ အိမ်ခြံမြေအား ဦးမျိုးဝင်းထံပေါင်နှံစဉ် အိမ်ခြံမြေနှင့် အဆောက်အဦမပါဝင်ဘဲ ထိုအိမ်ခြံမြေနှင့်ပတ်သက်သည့် ဂရန်မူရင်း၊ နှစ်ဦးသဘောတူပေါင်နှံခြင်းကတိစာချုပ်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်ဟန်ဆောင်ကတိစာချုပ်မူရင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းတို့အား အပေါင်အဖြစ် ဦးမျိုးဝင်းထံပေးအပ်ခဲ့ပြီး ဦးဇော်မြင့်ဦးမှ ၎င်းပိုင်ဆိုင်သည့် အိမ်ခြံမြေတို့ကို ထိုပေါင်နှံစဉ်ကတည်းက လက်ရောက်ပိုင်ဆိုင်ရယူထားပြီး ထိုအဆောက်အဦပေါ်တွင် အဆောင်ဆောက်လုပ်ကာ အဆောင်နေထိုင်သူများအား ဦးဇော်မြင့်ဦးမှ ငှားရမ်းခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေမှ ၎င်းပိုင်ဆိုင်သည့်အိမ်ခြံမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ရောင်းချခြင်းမရှိခဲ့သလို မည်သည့်အရောင်းအဝယ်စာချုပ်မှတ်ပုံတင် ချုပ်ဆိုပေးခဲ့ခြင်း မရှိခဲ့ပါ။ အပေါင်ဖြစ်သဖြင့် အိမ်ခြံမြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုသာ ဦးမျိုးဝင်းထံ ပေးအပ်ထားခြင်းဖြစ်ပါသည်။ ထိုအဆောင်တွင်လည်း အဆောင်မှူးအဖြစ် ဒေါ်စန္ဒာထွန်းအား ခန့်အပ်ပြီး အဆောင်နေသူများ၏ ငှားရမ်းခလစာငွေများအား ဒေါ်စန္ဒာထွန်းမှ ကောက်ခံပြီး ဒေါ်စန္ဒာထွန်းမှ ဦးမျိုးဝင်း၏အကောင့်သို့ KBZဘဏ်မှတစ်ဆင့် လစဉ်လတိုင်း အတိုးများဖြစ်သော (၂၂ သိန်း ၅သောင်း)ကျပ်အား ပေးသွင်းခဲ့သည်မှာ ၂၀၂၃ ခုနှစ် (၁၀)လပိုင်းအထိဖြစ်ပါသည်။

ဦးမျိုးဝင်းမှာ အတိုးများအား ကျွန်ုပ်မိတ်ဆွေ စတင်ပေါင်နှံစဉ်ကတည်းက ၂၀၂၃ ခုနှစ်ထိ လက်ခံရယူခဲ့ပါသည်။ ထို့နောက် ဦးမျိုးဝင်း၏ညီဖြစ်သူ မောင်နေနိုင်နှင့် ဇနီးဖြစ်သူတို့မှ ကျွန်ုပ်မိတ်ဆွေ၏နေအိမ်တွင် ထားရှိသည့် အိမ်စာချုပ်စာတမ်းများနှင့် ကားစာချုပ်စာတမ်းများအား တိတ်တဆိတ်ယူဆောင်သွားသည့်အပြင် ကျွန်ုပ်မိတ်ဆွေမှ ကိုမျိုးဝင်းနှင့်ပြုလုပ်ချုပ်ဆိုသော နှစ်ဦးသဘောတူ ဟန်ဆောင်အရောင်းအဝယ်စာချုပ်၊ အပေါင်စာချုပ်၊ အတိုးပေးသည့် ငွေသွင်းချလန်ဘဏ်စာရွက်များနှင့် အခြားဆက်စပ်စာရွက်များလည်း တိတ်တဆိတ်ယူဆောင်သွားသဖြင့် (၇– ၁၀–၂၀၂၃)ရက်နေ့တွင် သတင်းစာကြေညာပြီး ကျွန်ုပ်မိတ်ဆွေမှ မောင်နေနိုင်နှင့် ဇနီးဖြစ်သူ မမေစံပယ်မိုးတို့(၂)ဦးအား တောင်ဥက္ကလာပမြို့မရဲစခန်း ပအမှတ်(၂၀၇/၂၀၂၃) ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့အမှုဖွင့်လှစ်ဆောင်ရွက်နေစဉ်အတွင်း ဦးမျိုးဝင်းနှင့်ဇနီးဖြစ်သူ ဒေါ်အောင်အေး၊ မိခင်ဖြစ်သူ ဒေါ်စိန်စိန်တို့မှ ကျွန်ုပ်မိတ်ဆွေပိုင် လှိုင်သာယာမြို့နယ်ရှိနေအိမ်သို့ ကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် သက်ဆိုင်ရာသို့ ကျွန်ုပ်မိတ်ဆွေမှ တိုင်ကြားထားပြီးဖြစ်ပါသည်။

၎င်းအထက်ဖော်ပြပါ အိမ်ခြံမြေကွက်၏စာချုပ်စာတမ်းများကို အပေါင်အဖြစ်ထားရှိစဉ် ဦးမျိုးဝင်း၏ ဇနီးဖြစ်သူ ဒေါ်အောင်အေးမှ ကျွန်ုပ်မိတ်ဆွေပိုင် နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပြောင်းလျှောက်ထားကြောင်း ကျွန်ုပ်မိတ်ဆွေမှ စုံစမ်းသိရှိရပါသည်။ လူကြီးမင်းထံသို့ ကျွန်ုပ်မိတ်ဆွေမှ ၎င်းပိုင်ဆိုင်သည့် လှိုင်သာယာမြို့နယ်ရှိ အိမ်ခြံမြေကွက်နှင့်ပတ်သက်သည့် လစဉ် အတိုး (၂၂,၅၀,၀၀၀/–)ပေးရသည့် အထောက်အထား ကျွန်ုပ်မိတ်ဆွေထံတွင် ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေမှ ဦးမျိုးဝင်းထံ ပေါင်နှံရခြင်းမှာ ဦးမျိုးဝင်းနှင့် ဦးဇော်မြင့်ဦးတို့မှ သမီးယောက်ဖများတော်စပ်သောကြောင့် ယုံကြည်စိတ်ချစွာဖြင့် ပေါင်နှံခဲ့ခြင်းဖြစ်ပါသည်။

ဦးမျိုးဝင်းသည် ဦးဇော်မြင့်ဦးထံမှ အိမ်ခြံမြေကွက်အား လက်ရောက်ရယူထားခြင်းမရှိဘဲ အထက်ဖော်ပြပါ လှိုင်သာယာမြို့နယ်ရှိ အိမ်ခြံမြေကွက်နှင့်ဆက်စပ်သည့် စာချုပ်စာတမ်းများအား အပေါင်အဖြစ် ပေးအပ်ပြီး အတိုးများကို လစဉ်လတိုင်း မပျက်မကွက်ရယူနေသော်လည်း မိမိပိုင်ဆိုင်ကြောင်း ဟန်ဆောင်ကာ ဂရန်အမည်ပြောင်းပြုလုပ်နေခြင်းမှာ လိမ်လည်၍ ပြုလုပ်နေခြင်းဖြစ်ပါသည်။

သို့ပါ၍ လူကြီးမင်းတို့မှ အပေါင်ခံသည့်ကိစ္စရပ်အား ရပ်တန့်ပြီး ကျွန်ုပ်မိတ်ဆွေထံမှ ပေါင်နှံစဉ်ရယူသွားသော စာရွက်စာတမ်းများအား ရွေးနုတ်ခွင့်ပြုပြီး လူကြီးမင်း၏ညီဖြစ်သူမှ ကျွန်ုပ်မိတ်ဆွေမသိအောင် ရယူသွားသော အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများအပြင် အခြားစာရွက်စာတမ်းများအား ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်အပ်နှံရန် ကြေညာအပ်ပါသည်။

ယခုသတင်းစာပါ သတ်မှတ်ရက်ဖြစ်သော (၂၁–၁၂–၂၀၂၃)မှ (၂၇–၁၂–၂၀၂၃)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေပိုင် စာချုပ်စာတမ်းများအား ပြန်လည်အပ်နှံပြီး မိမိပိုင်ဆိုင်သည့် အိမ်ခြံမြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြန်လည်ရွေးနုတ်မည်ဖြစ်၍ ယခုအကြောင်းကြားစာပါသည့်နေ့ရက်မှစ၍ အတိုးပေးခြင်းကိစ္စအား ရပ်တန့်မည်ဖြစ်ပါသည်။ လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေပိုင် လှိုင်သာယာမြို့နယ်ရှိ အိမ်ခြံမြေကွက်၏ နှစ်(၆၀)မြေငှားဂရန်အား အမည်ပြောင်းလျှောက်ထားခြင်းအပေါ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** | |
| **ဦးဇော်မြင့်ဦး** | **ဒေါ်ဥမ္မာအောင်(ကနောင်)** | **ဒေါ်ဇင်မာဦး** |
| **[၇/ပတတ(နိုင်)၀၈၁၇၇၉]** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၈၂၅၁)** | **(စဉ်–၁၆၇၇၀)** |

**အမှတ်(၈၄–က)၊ တကောင်း(၅)လမ်း၊(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၂၅၆၂၉၆၉၅၉**

## ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၁၇၉)၊ မြေကွက်တည် နေရာ(၁၁၇၉)၊ စကားဖြူလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးအုန်းသွယ် (AD–၀၁၆၆၁၇) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၉၁ အရ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမ အထွေထွေမှုအမှတ်(၁၂၉/၂၀၁၄)ဖြင့် ဦးကျော်လင်းမှ အမွေထိန်းလက်မှတ်စာ ရရှိခဲ့ပြီး ယင်းပစ္စည်းများကို အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ (၃၀၇)အရ စီမံခန့်ခွဲခွင့်အမိန့်လျှောက်ထားရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမ အထွေထွေမှုအမှတ်(၁၉၃/၂၀၁၅) (၂၅–၂–၂၀၁၆)ရက်နေ့တွင် ချမှတ်သော အမိန့်အရ ဦးကျော်လင်း၏ အမှတ်(၁၈၄၂/၂၀၂၁) (၄–၂–၂၀၂၁)ဖြင့် ရရှိသူ ဒေါ်ရီရီထွေးမှ ဂရန်၊ နိုင်ကတ်၊ တရားရုံးအမိန့်များ၊ GP၊ ပါဝါ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး (Portion)နှင့် မြေကွက်ခွဲစိတ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နန်းသီဂီ[၁၂/သကတ(နိုင်)၂၀၁၀၈၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဒေါ်နန်းသီဂီ [၁၂/သကတ(နိုင်)၂၀၁၀၈၉] ကိုင်ဆောင်ထားသူနှင့် ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၂ ရပ်ကွက်၊ စစ်တောင်းအိမ်ရာ၊ နှင်းဆီလမ်း၊ တိုက်(၀၆)၊ အခန်း(၀၀၂)တွင်တည်ရှိသော ဒေါ်နန်းသီဂီ ဦးစီးလုပ်ကိုင်နေသော ggn (GREAT GOLDEN NANN Co., Ltd)နှင့် 7 Day Forever Co., Ltd တို့အား အကျိုးစီးပွားပျက်ကျဆင်းစေရန်၊ အသေရေပျက်ပြား ဂုဏ်သိက္ခာကျဆင်းစေရန် အထင်အမြင်လွဲမှား ယုံကြည်မှုပျက်ပြားစေရန်စသည့် ပျက်စီးရာပျက်စီးကြောင်း ဦးတည်သော မကောင်းသောရည် ရွယ်ချက်အမျိုးမျိုးဖြင့် လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ message ပို့ခြင်းဖြင့် လည်းကောင်း၊ လူမှုကွန်ရက်များတွင် Post တင်ခြင်း၊ Comment ရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း များမပြုလုပ်ရန် အသိပေးတားမြစ်ပါသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်သည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို မည်သူကိုမဆို တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–ဒေါ်ဥမ္မာအောင်**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၈၅)**
**LL.B, LL.M (Int; Law), DBL, DIR, WIPO(Switzerland)**
**ph: 09–250111199, 09–254315383**

## "(၁၀–၁၂–၂၀၂၃)ရက်စွဲပါ A Thout Ta Line / အသောက်တလိုင်း Page ၏ ကြေညာချက်နှင့် ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာခြင်း "

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေတ္တာ(၄)လမ်း၊ အမှတ်(၂၇၂)နေ (ဘ) ဦးကြည်မောင်၏သား ဦးစိုးနိုင် (ခ) ဦးစိုးမိုးနိုင် [၁၂/ဥကမ(နိုင်)၂၂၁၂၁၈] ကိုင်ဆောင်သူက ဒေါ်သော်ယမင်းထွန်း၏အမည်အား အသုံးပြုကာ ၎င်းနေထိုင်သည့်လိပ်စာဖြင့် အခြားအမျိုးသမီးတစ်ဦးကို ဒေါ်သော်ယမင်းထွန်းဟု လူစားထိုးပြီး ဒေါ်သော်ယမင်းထွန်းသည် A Tout Ta Line / အသောက်တလိုင်းအမည်ဖြင့် Page ဖွင့်ကာ စီးပွားရေးလုပ်ငန်းလုပ်ကိုင် နေကြောင်းနှင့် ထို Page ၏ Admin တစ်ဦးဖြစ်ကြောင်းတို့ကို ကျွန်ုပ်ထံတွင် ညွှန်ကြားချက်ပေးပြီး ကြေးမုံသတင်းစာတွင် (၉–၁၂–၂၀၂၃)ရက်နေ့က ထည့်သွင်းကြေညာစေခဲ့ပါသည်။ ထိုကြေညာကိစ္စနှင့်ပတ်သက်၍ ဒေါ်သော်ယမင်းထွန်း တစ်စုံတစ်ရာသိရှိခဲ့ခြင်းမရှိဘဲ သတင်းစာတွင်ပါလာမှသာ မိတ်ဆွေအချို့ပြောပြချက်အရ ဒေါ်သော်ယမင်းထွန်း သိရှိရသည့်အတွက် ကျွန်ုပ်ထံသို့ ဆက်သွယ်လာခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ (၁၀–၁၂–၂၀၂၃) ရက်စွဲပါ ကြေညာချက်နှင့်ပတ်သက်၍ ဒေါ်သော်ယမင်းထွန်းနှင့် ပတ်သက်ဆက်နွှယ်ခြင်းမရှိကြောင်း ကြေးမုံသတင်းစာတွင် ပြန်လည်တောင်းပန်ကြေညာပေးရန်ကျွန်ုပ်မှတစ်ဆင့် ဦးစိုးနိုင်(ခ)ဦးစိုးမိုးနိုင်အား တောင်းဆိုပါသည်။ အကယ်၍ ဤကြေညာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လိုက်နာရန်ပျက်ကွက်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာပါသည်။

**ပြန်လည်ရှင်းလင်းကြေညာသူများ**

| | |
|---|---|
| **ဒေါ်သော်ယမင်းထွန်း** | **ဦးနိုင်သူ (LL.B)** |
| **၁၃/ရစန (နိုင်) ၀၈၅၅၅၃** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၈၃၀)** |
| **အမှတ်(၂၆၂/၂ B)၊** | **အမှတ်(C/၆၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊** |
| **မြင်သာ(၁၀)လမ်း၊(၁၄/၁)ရပ်ကွက်၊** | **အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့။** |
| **တောင်ဥက္ကလာပမြို့နယ်။** | **ဖုန်း–၀၉–၇၈၅၀၇၈၁၉၁၊ ၀၉–၆၉၇၄၁၁၄၂၁** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ် (၂၀)တွင် နေထိုင်သည့် ကျွန်ုပ်မိတ်ဆွေများ ဖြစ်သော (၁) ဦးဝင်းဦး [၁၂/သကတ(နိုင်)၀၈၂၅၉၂]၊ (၂) ဒေါ်လှလှဝင်း (L/RGN–၀၄၃၂၄၇)၊ (၃) ဒေါ်မြင့်မြင့်အေး [၁၂/တမန(နိုင်)၀၉၀၁၄၅]၊ (၄) ဦးမြင့်ဆွေ [၁၂/ဗဟန (နိုင်) ၀၅၆၅၁၀]နှင့် (၅) ဦးလှအေး (MME–၆၆၃၆၇၄) တို့သည် အထက်ပါမြေကွက်ပေါ်တွင်တည်ရှိသည့် (၂)ခန်းတွဲ (၂)ထပ်တိုက်၏ တိုက်ခန်းများအား စာချုပ်စာတမ်းများဖြင့် အသီးသီးဝယ်ယူပိုင်ဆိုင်လက်ရှိထားနေထိုင်လျက်ရှိကြပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ(၅)ဦးစလုံး၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆိုပါတိုက်နှင့်ပတ်သက်၍ တစ်တိုက်လုံးအား အသစ်ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ဆောင်ရွက်ပါက ဥပဒေနှင့်အညီ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါကိစ္စများ ဆောင်ရွက်လိုပါက ကျွန်ုပ်မိတ်ဆွေ(၅)ဦးနှင့် ညှိနှိုင်းတိုင်ပင်ပြီး သိရှိ(ခွင့်ပြု)မှသာ ပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မာ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၅၆ / ၂၀၁၃)**
**အမှတ် (၃၆၃)၊ အခန်း (၄–ဒီ)၊ ကျိုက္ကဆံလမ်း၊**
**တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း– ၀၉–၄၂၀၀၇၈၅၆၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ် ၁၀/အက် ၅၊ အမှတ် ၃၀(ဘီ)၊ အကျယ်အဝန်း (၁၅ပေx ၆၀ပေ)ရှိ (နှစ်ထပ်)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ယဉ်ယဉ် (CC–026720)ထံမှ ဒေါ်ရွှယ်ဆန်း [၁/ကမန(နိုင်)၀၀၁၅၅၆]က (၂၀–၇–၂၀၀၁) ရက်စွဲပါစာချုပ်ဖြင့်လည်းကောင်း၊ ဒေါ်ရွှယ်ဆန်းထံမှ ဒေါ်ခေါ်ဆန်(ခ)ခင်မေကြီး [၁၃/မဆတ(နိုင်)၀၀၀၁၆၈]က (၂၄–၂–၂၀၁၀)ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း အသီးသီး လက်ရောက်ဝယ်ယူပိုင်ဆိုင်လာပြီးနောက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဘောမ်ဝမ်း [၁၃/မဆတ(နိုင်)၀၂၈၉၇၄]သည် (၁၂–၁၂–၂၀၁၃)နေ့စွဲပါ စာချုပ်ဖြင့် ဒေါ်ခေါ်ဆန်(ခ)ဒေါ်ခင်မေကြီး [၁၃/မဆတ(နိုင်)၀၀၀၁၆၈]ထံမှ အပြီးအပိုင်ဝယ်ယူ လက်ဝယ်ပိုင်ထားပြီး ယနေ့အချိန်အထိ အဆိုပါတိုက်ခန်းမှာလည်း မိမိတစ်ဦးတည်းသာ လက်ဝယ်ပိုင်ဆိုင် စီမံခန့်ခွဲခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**တိုက် C2A အခန်း(၁၁၀)၊ (ပ–ထပ်)၊ Time Square Condo**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ကာယသုခ (၃) လမ်း၊ အမှတ် (၉၄)နေ ကျွန်မဒေါ်ကြည်ကြည်မေ [၁၂/အစန(နိုင်)၁၇၅၂၃၈]၏ သမီးဖြစ်သူဒေါ်ခင်မြင့်သူ [၁၂/အစန(နိုင်)၁၇၅၂၄၁]သည် မိခင်ဖြစ်သူ ကျွန်မ ကျန်းမာရေးမကောင်းသည်ကို သိရှိပါလျက် ကြည့်ရှုပြုစုခြင်းမရှိသလို ကျွန်မ၏သွန်သင်ဆုံးမမှုကို နာခံမှုမရှိဘဲ ကျွန်မအား စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်ခင်မြင့်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ကြည်ကြည်မေ**
**[၁၂/အစန(နိုင်)၁၇၅၂၃၈]**

## ဦးဝင်းအောင်၊ အမှတ်–၇၇/၈၁၊ အခန်း (၁) မြေညီထပ် (ဝဲဘက်ခန်း)၊ ၄၃လမ်း၊ အမှတ် (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးလှဖေ၊ အမှတ်– ၂၄၊ အလံပြဘုရားလမ်း၊ (ဖ. ဆ. ပ. လ) ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးခင်ကျော်နှင့် ဒေါ်အောင်အောင်အေးတို့က လူကြီးမင်းထံ (၂၆–၁၀–၂၀၂၃)ရက်စွဲပါ နို့တစ်စာကို စာတိုက်မှတစ်ဆင့် မှတ်ပုံတင်ချောစာဖြင့် ပေးပို့ခဲ့ရာ "အခန်းတံခါးသော့ခတ်ထားသဖြင့် ပေးမရပါ" ဟု အကြောင်းပြန်ခဲ့ပါသည်။ သို့ဖြစ်၍ အဆိုပါအကြောင်းကြားစာကို လူကြီးမင်းသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

အဆိုပါအကြောင်းကြားစာတွင်–

ကျွန်တော်၏မိတ်ဆွေ ဦးလှဖေက ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် (၈) ရပ်ကွက်၊ တိုက်အမှတ်–၇၇/၈၁၊ အခန်း(၁) (မြေညီထပ်) (ဝဲဘက်ခန်း) ကို လူကြီးမင်းအား တစ်လလျှင် ငှားရမ်းခကျပ် ၁၂၀ဝိ/– နှုန်းဖြင့် အင်္ဂလိပ်ပြက္ခဒိန်လအတိုင်း တစ်လမှ တစ်လငှားရမ်းခြင်းစနစ်အရ ငှားရမ်းခဲ့ပါသည်။

လူကြီးမင်းသည် အဆိုပါဥပစာ၏ငှားရမ်းခကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ ပေးခဲ့သော်လည်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလကုန်အထိ (၁၀) နှစ်နှင့် (၉) လ၊ စုစုပေါင်း (၁၂၉)လ အတွက် ကျသင့်သောငှားရမ်းခစုစုပေါင်းကျပ် ၁၅၄၈၀ဝိ/– (ကျပ် တစ်သိန်းငါးသောင်းလေးထောင့်ရှစ်ရာတိတိ)ကို ပေးရန်ပျက်ကွက်နေပါသည်။ အဆိုပါငှားရမ်းခကြွေးကျန်ငွေကျပ် ၁၅၄၈၀ဝိ/– ကို ဤနို့တစ်စာကို လက်ခံရရှိသည့်နေ့မှ ရက်သတ္တပတ် (၃) ပတ်အတွင်းတွင် ကျွန်တော်၏မိတ်ဆွေ ဦးလှဖေထံ သွားရောက်၍ ပေးဆပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။

အထက်ပါအကြောင်းကြောင့် လူကြီးမင်းအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့တွင် အိမ်ငှား အဖြစ်မှ ရပ်စဲလိုက်ပြီဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အဆိုပါနေ့ကို နောက်ဆုံးထား၍ လူကြီးမင်းနှင့်တကွ လူကြီးမင်းအား အကြောင်းပြု၍ နေထိုင်သူအားလုံး အချင်းဖြစ်အခန်းမှ ဖယ်ရှားထွက်ခွာ၍ အချင်းဖြစ်အခန်းကို ကျွန်တော်၏မိတ်ဆွေအား လက်ရောက်ပေးအပ်ပါရန်နှင့် လိုက်နာရန်ပျက်ကွက်က နောက်ထပ်တစ်စုံတစ်ရာ အကြောင်းကြားတော့မည် မဟုတ်ဘဲ လူကြီးမင်းအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်– ဟူ၍ ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်ကျော်** | **ဒေါ်အောင်အောင်အေး** |
| **(B.A Law, LL.B)** | **(LL.B, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၈၁၄/၂၇–၈–၁၉၇၉)** | **(စဉ်–၁၄၆၃၉/၁၄–၆–၂၀၁၈)** |
| **အမှတ် (၁၄၆)၊ ဒုတိယထပ်၊** | **အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊** |
| **လမ်း (၃၀)၊ ပန်းဘဲတန်းမြို့နယ်၊** | **စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး။** |
| **ဖုန်း–၀၉ ၂၅၀၂၈၀၈၅၅** | **ဖုန်း–၀၉ ၄၂၅၀၃၃၄၆၁** |

## NORTHERN LIGHTS ( AUNGPAN ) LIMITED ၏
## မတည်ငွေရင်းလျှော့ချပြီးကြောင်းကြေညာခြင်း
### ( မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(ဈ)အရ )

NORTHERN LIGHTS ( AUNGPAN ) LIMITED ၏ ( ၂၀-၁၂-၂၀၂၃ )ရက်နေ့တွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှယ်ယာရှင်များ အထူးအစည်းအဝေးတွင် မတည်ငွေရင်းအား ယခင် မတည်ငွေရင်း ငွေကျပ်- ၃,၀၀၀,၀၀၀,၀၀ဝိ/- ( သိန်းသုံးသောင်းတိတိ ) "မှ" ယခု ငွေကျပ်- ၁၀၀,၀၀၀,၀၀ဝိ/- ( သိန်းတစ်ထောင်တိတိ ) "သို့" မတည်ငွေရင်း လျှော့ချပြီးကြောင်းကို အစုရှယ်ယာရှင်များက အတည်ပြုဆုံးဖြတ်ခဲ့ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**NORTHERN LIGHTS ( AUNGPAN ) LIMITED**
**09-5005571,09-5112790, Email; hninmyathtwe@gmail.com**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် အ–၆၊ ဦးပိုင်အမှတ်(၇၉) / ၆၇x၆၈ လမ်းကြား၊ ဇော်ဂျီ x ကုသိုလ်တော် လမ်းကြားရှိ ဦးမြင့် အမည်ပေါက် တောဂရန် မြေကွက်အား ဖခင် ဦးမြင့် (ခ) ဦးမောင်မြင့်၊ မိခင် ဒေါ်ကြည်လှတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးဇော်ဝင်း [၉/အမရ(နိုင်)၀၄၂၇၇၀]၊ ဒေါ်မြင့်မြင့်ထွေး [၉/အမရ(နိုင်) ၁၁၂၂၆]၊ ဦးဇော်မိုး [၉/အမရ(နိုင်) ၀၉၆၈၇၅]တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်– ၄၆/က၊၁၂၀၀စ/ပေ၊မြေကွက်တည်နေရာအမှတ် (၄၆/က)၊ ဥက္ကာ (၂)လမ်း၊ (ဂ)ရပ်ကွက်၊ ဦးညွန့်လူ (AA–036010) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက်–ဦးညွန့်လူ (ဖခင်)သည် (၁–၁၁–၁၉၉၄) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ကံအေး (မိခင်)သည် (၅–၃–၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့သဖြင့် ဒေါ်စန်းနွဲ့ [၁၂/ဥကမ(နိုင်)၀၃၂၇၁၀]မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်– ၅၂၀/၂၀၂၃/၂၀–၁–၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂) စောင်၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဒေါ်စန်းနွဲ့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်– ၂၁၂၀၈/၂၀၂၂/ ၁၁–၁၁–၂၀၂၂ ဖြင့်ရရှိသူ ဒေါ်ထူးတင့်နိုင် [၁၂/ဥကမ(နိုင်)၀၁၉၇၂၂]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်း သေးကြောင်း ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အောင်ချမ်းသာလမ်း၊ တိုက်အမှတ်(၂၅၃)၊ အခန်းအမှတ် (၂၀၁)၊ တိုက်ခန်းအား ရောင်းသူ ဒေါ်ခင်ခင်ဝေ [၉/မမန(နိုင်)၀၀၈၀၃၀]ထံမှ ဒေါ်ဝတ်ရည်ဆွေ [၁၂/အစန(နိုင်) ၁၁၆၂၄၈]က အပြီးအပိုင်ဝယ်ယူပြီး တိုက်ခန်းကို လက်ရောက်ရယူပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်၍ ခိုင်လုံသောစာရွက်စာတမ်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊(ပ)ထပ် Strand Condominium၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၂၀၁၆၇၈၂၂**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းအသိပေးကြေညာခြင်း

ဦးကောင်းထက်အောင် [၇/ပတန(နိုင်)၁၈၂၈၄၂]နှင့် ဒေါ်သီတာခိုင် [၅/မလန(နိုင်) ၀၅၃၃၄၀]တို့သည် (၂၀–၁၀–၂၀၂၃) ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား လက်မှတ်ရေးထိုးပြီး အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သဖြင့် နောက်နောင်တစ်ဦးနှင့်တစ်ဦး ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မိ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၅၈၃၅**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၄၇၄၀၄**

## အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်–၂၇ Orchid Condo 2nd Floor တွင် ဖွင့်လှစ်တည်ထောင်ထားသော Wall Street Super Fx LLC Consultant Co., Ltd. မှ Admin & Supervisor ဖြစ်သူ ဒေါ်မေဇင်ဦး [၁၂/ပဇတ(နိုင်)၀၃၈၀၆၃]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာပါသည်–

Wall Street Super Fx LLC Consultant Co., Ltd. တွင် မောင်ရဲရင့်ဦး [၁၂/မဂတ(နိုင်) ၁၀၈၉၄၅]သည် ကုမ္ပဏီတွင် (၁၀–၃–၂၀၂၃)ရက်နေ့မှစတင်၍ Business Consultant အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး Customer များဖြင့် တိုက်ရိုက်ဆက်သွယ်၍ ကုမ္ပဏီ၏လုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် ကုမ္ပဏီ၏ ပုသိမ်ရုံးခွဲသို့ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ (၂၇–၉–၂၀၂၃) ရက်နေ့မှစတင်၍ တာဝန်ထမ်းဆောင်စေခဲ့ပါ သည်။ ကုမ္ပဏီ၏ တာဝန်ရှိလူကြီးများမှ ပုသိမ်ရုံးခွဲသို့သွားရောက်စစ်ဆေးခဲ့ပြီး Customer များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သော သတင်းအချက်အလက်များ၊ ငွေစာရင်းရှင်းတမ်းများကိုတောင်းခံရာ ပြီးစီးသည်အထိ အပ်နှံခဲ့ခြင်းမရှိ၊ ကုမ္ပဏီမှထုတ်ပေးထားသော ကုမ္ပဏီပိုင်ပစ္စည်းများကို အပ်နှံခြင်းမရှိဘဲ (၃–၁၁– ၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြကျွန်းသာအိမ်ရာ၊ အောင်စည်လမ်း၊ တိုက်အမှတ် ၄၂၊ အခန်းအမှတ် (၀၀၂)မှ တာဝန်ရှိလူကြီးများအလစ်တွင် ထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။ ကုမ္ပဏီဘက်မှ ၎င်းမိဘထံ ဆက်သွယ်၍ မောင်ရဲရင့်ဦးမှ ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာကိစ္စရပ်များကို ကုမ္ပဏီသို့ လာရောက်ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း မောင်ရဲရင့်ဦးမှ ကိုယ်တိုင်လာရောက် ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါ။

ထို့ကြောင့် မောင်ရဲရင့်ဦးကို Wall Street Super Fx LLC Consultant Co., Ltd. ၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်ကြောင်းနှင့် (၄–၁၁–၂၀၂၃) ရက်နေ့နောက်ပိုင်းမှစ၍ Company ၏ Customer များမှ မောင်ရဲရင့်ဦးနှင့် ပတ်သက်ဆက်နွှယ်ဆောင်ရွက်ခဲ့သောကိစ္စရပ်များသည် ကုမ္ပဏီနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ကုမ္ပဏီမှလည်းတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးအောင်ဖြိုးလတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၀၀၅)**
**အမှတ် (၁၀၆)၊ ပထမထပ် ၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၇၀၀၅၂၁၈၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလို...**

❖ **လုပ်ငန်းများစဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနေရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL 2 Promotion Amateur Club Tournament 2023 ပြိုင်ပွဲ ဒုတိယနေ့တွင် GOA Hmawbi နှင့် ရန်ကုန်ဂလက်စီအသင်း နိုင်ပွဲရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

MNL 2 Promotion Amateur Club Tournament 2023 ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ရှိ ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပရာ GOA Hmawbi နှင့် ရန်ကုန်ဂလက်စီအသင်း နိုင်ပွဲရရှိခဲ့သည်။

နံနက်ပိုင်းက ကျင်းပသည့်ပွဲတွင် GOA Hmawbi အသင်းက Passion အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ GOA Hmawbi အသင်းအတွက် ဂိုးများကို ၁၃၊ ၈၈ မိနစ်တွင် ညီညီထွန်း၊ ၂၂ မိနစ်တွင် ငြိမ်းချမ်းအောင်တို့က သွင်းယူပြီး Passion အသင်းအတွက် ဂိုးများကို Vhan Maing Chhuang က ၁၁၊ ၅၃ မိနစ်တွင် သွင်းယူခဲ့ကာ နှစ်သင်းစလုံးရရှိသည့် ဒုတိယဂိုးများမှာ ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ညနေပိုင်းကျင်းပသည့်ပွဲတွင်

**စာမျက်နှာ ၁၇ ကော်လံ ၄ သို့** ❐



ရန်ကုန်ဂလက်စီအသင်းနှင့် Takeo Strike အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## MFF Women's Futsal Championship 2023 ပြိုင်ပွဲတွင် Divine အသင်း ဗိုလ်စွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

MFF Women's Futsal Championship 2023 ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ Divine အသင်း ဗိုလ်စွဲခဲ့သည်။

နောက်ဆုံးနေ့တွင် ရန်ကုန်လူငယ်အသင်းနှင့် Burmese Bees အသင်းတို့ သုံးဂိုးစီသရေကျခဲ့ပြီး Divine အသင်းက YRG အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် Divine အသင်းက နိုင်ပွဲရခဲ့သဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး

**စာမျက်နှာ ၁၇ ကော်လံ ၄ သို့** ❖

**ယနေ့ ဖတ်စရာ**

**(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ** — စာမျက်နှာ » ၁၃

**ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီးနှစ်ဦး သေဆုံးကာ ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ** — စာမျက်နှာ » ၁၅

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခရီးသည်တင်ရထားတစ်စင်း မီးလောင်ကျွမ်းမှုဖြစ်ပွား၊ လေးဦးသေဆုံး** — စာမျက်နှာ » ၁၄

**မြန်မာနိုင်ငံ၏ မြေအောက်ရေအခြေအနေပြ ဘူမိဗေဒမြေပုံကို ကုမ္ပဏီတစ်ခုက ရေးဆွဲနေပြီး မျိုးဆက်သစ်များသို့ မျှဝေပေးရန် စီစဉ်နေ** — စာမျက်နှာ » ၁၇

**ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ** — စာမျက်နှာ » ၁၈



## နယူးကာဆယ်အသင်းကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်တက်လှမ်း

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဒီဇင်ဘာ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ပင်နယ်တီအဆုံးအဖြတ်မှာ အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ ကော်လံ ၄ သို့** ○